www.dhammadownload.com

ကဿပ

သမ္မာသမ္ဗုဒ္ဓ

ကုန်ကြေးငွေ ၁၀၀၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့


www.dhammadownload.com

ဗုဒ္ဓဘာသာ ယဉ်ကျေးမှု
သုတ္တန်စာပေ

ဂုဏ်ရှိသော

ဆယ်ဇာတ်တို

ဂုဏ်ရှိသော ဓမ္မာစရိယ ပါဠိဆရာအဖဲ့က
တည်းဖြတ်ပြင်ဆင်သည်။



ဂုဏ်ရှိသော ပိဋကတ်စာပုံနှိပ်တိုက်
၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

www.dhammadownload.com

ဘာသာရေးစာမူ ခွင့်ပြုချက် အမှတ် ၁၆၁/၈၉ (၃)

မျက်နှာဖုံး ခွင့်ပြုချက် အမှတ်-၁၁၃/၈၉ (၃)

စာအုပ်အမည် – ဣန္ဒာသယ ဆယ်စောင်တဲ့

ထုတ်ဝေသူ – ဦးရွှေဝင်း မြဲ (ဝ၄၃၉)
ဣန္ဒာသယ ပိဋကတ်စာပေတိုက်၊
အမှတ်-၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

မုံနှိပ်သူ – ဦးရွှေဝင်း မြဲ (ဝ၂၀၈၃)
ဣန္ဒာသယ ပိဋကတ် စာပုံနှိပ်တိုက်၊
အမှတ်-၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

– ဣန္ဒာသယ ပိဋကတ် စာပုံနှိပ်တိုက်။


တတိယအကြိမ် ၂၀၀၀။

ဝတ္ထုတိုစာစောင်း [redacted]-ကျပ်။

၁၉၈၉-ခု၊ ဇွန်လ၊ ၁၃၅၁-ခု၊ နယုန်လ။

www.dhammadownload.com

ဝါဂုံးထယ္ဘင္လြဒ္းငတ္ခန္ :ငန္းထဲထဲငဲခ်ဳပ္ခ်က္ ခ်ဳပ္းငယ္ငဟာ :ထဲထုငလုပ္ပ်ဳ



www.dhammadownload.com

၁-မင်္ဂလသုတ်ဟောတော်မူပုံ

ဗုဒ္ဓဘာသာဝင်ထု အတွင်း၌ မင်္ဂလာစကား ပြောခဲ့ကြသည်။ တချို့က ဒီဋ္ဌမင်္ဂလာသာ မင်္ဂလာမည်တယ်၊ တချို့က သုတမင်္ဂလာသာ မင်္ဂလာမည်တယ်၊ တချို့က မုတမင်္ဂလာသာ မင်္ဂလာမည်တယ်လို့ အမျိုးမျိုး အဖုံဖုံ ငြင်းခုံလာကြသည်၊ အချိန်ကာလအားမြင့် ၁၂-နှစ် ကြာခဲ့သည်အထိ မင်္ဂလာအစစ်အမှန်ကို မဖော်ထုတ်နိုင်ခဲ့ကြပေ။

မင်္ဂလာ ငြင်းခုံပွဲကြီး (မင်္ဂလာကောလာဟလ) ၁၂ နှစ် ကြာတဲ့အခါ သီကြားမင်းသည် မထင်ရှားသော နတ်သား အသွင်ဖြင့် ညဉ့်သန်းခေါင်အချိန်တွင် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်အတွင်း ဂန္ဓကုဋီတိုက် မြတ်စွာဘုရား အထံ ဆိတ်သို့ လာရောက်ပြီး မင်္ဂလာတရား ဟောကြားတော်မူပါရန် လျှောက်ထားသည်။

မြတ်စွာဘုရားသခင်သည် နတ်, လူ, ဗြဟ္မာ သတ္တဝါ အပေါင်းတို့ ကောင်းကျိုး ချမ်းသာ မင်္ဂလာ ကျက်သရေ အထွေထွေအဝဝ ရရှိကြစေရန် ၃၈-ဖြာမင်္ဂလာကို ဟောကြား တော်မူပါသည်။

ဂုဏ်ဒဏ်ဖြတ်ထင်ဟပ် ပြောင်ဂုဏ်ရှိပုဇဉ် ဦးဘကြီးလင်းဝင်



www.dhammadownload.com

www.dhammadownload.com


၂-ရတနာသုတ် ဟောတော်မူပုံ

သုံးလောကထွတ်ထား မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် သောတာပန် ဗိမ္ဗိသာရမင်းကြီး ဆောက်လုပ် လှူဒါန်းသော ဝေဠုဝန်ကျောင်းတော်၌ ကိန်းအောင်း မွေ့လျော် စံပျော် တော်မူစဉ်အခါ ဝဇ္ဇီတိုင်း ဝေသာလီပြည်၌ အမျိုးမျိုးသော ရောဂါဘယဘေး, နတ်ဘီလူး, နတ်မိစ္ဆာ, တစ္ဆေ, မြေဘုတ်ဘေး စသော ဘေးအမျိုးမျိုး ဖြစ်ပေါ်နေသည်။

ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားကြ ရာ ဘုရားမြတ်စွာသည် ညီတော်အာနန္ဒာကို ခေါ်တော်မူ၍ ရာတနသုတ်ကို ဟောတော်မူကာ ညီတော် အာနန္ဒာအား ဝေသာလီပြည်သို့သွား၍ ရတနသုတ်ကို ရွတ်စေတော်မူသည်။

ထိုအခါ နတ်ဘီလူး, နတ်မိစ္ဆာ, တစ္ဆေ, မြေဘုတ်များ တစ်ဦးမှမကျန်အောင် ထွက်ပြေးကြရတော့သည်။ ဝေသာလီ ပြည်သား လူအများသည် မိုးရေဆွတ်ဖြန်း ရွှေကြာပန်းကဲ့သို့ ရွှင်လန်းချမ်းမြေ့စွာ နေထိုင်ကြရပေတော့သည်။

ဂဂုံဒေဝဗြဟ္မာတို့ဝတ်ဆင်ထားသော ဒွိဇာဘရဏ်တော်များ ပုဂ္ဂလအားဖြင့်




www.dhammadownload.com

၃-ခန္ဓသုတ်ဟောတော်မူပုံ

သုံးလောက သင်းကျစ် ဓမ္မရာဇ် မြတ်ဖျား စောဘုရား သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်း မွေ့လျော် စံပျော်တော်မူစဉ် ရှေးကဝင်္ဆကျွဲ မကုန်သေး သဖြင့် ရဟန်းကလေးတစ်ပါး မွေဆိုးကိုက်သဖြင့် ပျံလွန်တော် မူရှာသည်။

ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ထားကြရာ မြတ်စွာဘုရားသည် မြေဆိုး မြေဟောက် စသော အဆိပ်ရှိ သော သတ္တဝါဘေးမှ ကင်းဝေး လွတ်မြောက်ကြစေရန် ခန္ဓ သုတ်ကို ဟောကြား:တော်မူသည်။

www.dhammadownload.com



ပုဂ္ဂိုလ်ဘုရားသည် ဥဒေါင်းဘုရားတို့ကို ကြည့်ရှုတော်မူခြင်း။

www.dhammadownload.com

၄-မောရသုတ် ဟောတော်မူပုံ

သဗ္ဗညုမြတ်စွာ စောသတ္တာသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး ဆောက်လုပ်ဒါန်းသော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရဟန်းတစ်ပါးသည် ကိုလေသာနှိပ်စက်သဖြင့် လူထွက်လိုကြောင်း ကြားသိုတော်မူရ၍ ကိုလေသာ ငုတ်အတင်းကြောင့် ညွတ်ကွင်းမိခဲ့ရပုံ "မောရသုတ်" ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်အနီး ဟိမဝန္တာမဟာဂန္ဓိုင် ပန်းမြိုင်ယှက်စပ် ခုနစ်ထပ်သော တောင်ကြီးများ အတွင်း အဆင်း ရွှေရောင် ပြောင်ပြောင် ဝိုင်းဝင်း ဘုရား အလောင်း ဥဒေါင်းမင်းသည် အနားလာပြု ဥဒေါင်းမကြောင့် ဒုက္ခပြင်းထန် မုဆိုးရန်ကို မလွန်နိုင်ဘဲ ညွတ်ကွင်းမိသဖြင့် မချိပြင်းပြ ဆင်းရဲဒုက္ခကို ခံတော် မူခဲ့ရရှာသည်၊ "မောရသုတ်"ကို ရွတ်ဆိုရသဖြင့် သုခချမ်းသာ အဖြာဖြာကို ကြည်သာရွှင်မြူး ခံစားခဲ့ရဘူးပေသည်။

(ဖွဲ့ထုံးနိဿ) ။ဂုဏ်ဆောင်ထ ကာယဝိုးဝဲ ပြဒ္ဒါလေးဂဏခေ




www.dhammadownload.com

www.dhammadownload.com

၅-ဝဠုသုတ် ဟောတော်မူပုံ

မြတ်စွာဘုရားသခင်သည် နောက်ပါ ရဟန်းတော်များနှင့် အတူ ဒေသစာရီ ကြွချီတော်မူရာ မဂဓတိုင်း ရာဇဂြိုဟ်ပြည် အနီး တောမြို့ကြီး အတွင်းသို့ ဆိုက်ရောက်ခဲတော် မူကြစဉ် ကြီးမား ပြင်းထန်စွာ တောက်လောင်နေသော တောမီးသည် ရေနှင့်သတ်သလို အေးငြိမ်းသွားတော့သည်။ ရဟန်းတော်များက ဘုရားရှင်၏တန်ခိုးတော်ကို အမျိုးမျိုး ချီးကျူးနေကြပေသည်။

ထိုအခါ ဘုရားရှင်က "ရဟန်းတို့ ဘုရားဖြစ်ပြီးသော ငါဘုရား၏ တန်ခိုးကိုမဆိုထားနှင့် ငါဘုရား နုစဉ်အခါက ဒီနေရာဒီဒေသမှာ ငုံးကလေးဖြစ်ခဲ့ဘူးတယ်၊ အဲဒီတုန်းကလဲ ဒီလိုပဲ တောမီးကြီး လောင်ခဲ့ဘူးတယ်၊ ငါဘုရားအလောင်း ငုံးကလေးရဲ့မိဘနှစ်ပါးနဲ့ ဆွေမျိုးငုံးတွေဟာ အားလုံးပျံပြေး ကုန်ကြပြီး ငါဘုရားအလောင်း ငုံးကလေးကတော့ အတောင် မစုံသေးလို့ မပျံနိုင်သေးဘူး" စသည်ဖြင့် တောမီးလောင်ပုံ, မိဘဆွေမျိုးများ ထွက်ပြေးကြပုံ, ဘုရားအလောင်းငုံးကလေး ထစွာဆိုပုံ "ဝဋ္ဋသုတ်"ကို ဟောတော်မူသည်။



စေတီမှ ကျပေမဲ့ မြေပေါ်မှာကဲ့သို့ ဖြစ်နိုင်သော ဓဇဂွသုတ် ပရိတ်တော်။

www.dhammadownload.com

www.dhammadownload.com

၆။ ဓဇင်္ဂသုတ် ဟောတော်မူပုံ

မြတ်စွာဘုရားသခင်သည် ကောသလတိုင်း သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အရဏဝါသီ တောရပ်မှီ၍ ဓုတင် ဆောင်ထား ရဟန်းများကို ဘယ-ကြောက်ခြင်း၊ ဆန္ဒဇာတ္တာ ကိုယ်ခက်တရော် ရှိခြင်း၊ လောမ ဟံသ ကြက်သီးထခြင်းများ မဖြစ်ပေါ်နိုင်အောင် ဓဇင်္ဂသုတ် ကို ဟောတော်မူသည်။

ဓဇင်္ဂသုတ်ကို ရွတ်ဆိုခြင်းမဟုတ်ပဲ စိတ်ထဲက စဉ်းစားရုံမျှ စဉ်းစားကာ သီဟိုဠ်ကျွန်း အနုရာဓပြို မဟာဝိဟာရကျောင်း တိုက်အတွင်းရှိ မဟာစေတီပေါ်မှ ကိုယ်ရင်လေး တစ်ပါး လိမ့် ကျလာရာ မည်သို့မျှ ထိခိုက်နာကျင်မှု မဖြစ်ပဲ ချမ်းချမ်းသာသာ မြေပြင်သို့ ရောက်ရှိခဲ့ဘူးသည်။

ပုဂံဟာဒဏ် ဒေသလင်ကွယ်ပုံ



www.dhammadownload.com

www.dhammadownload.com

၈။ ဗောဇ္ဈင်သုတ် ဟောတော်မူပုံ

၁။ မြတ်စွာဘုရားသည် ဆုဇင်ကြိုဟ်ပြည်အရှေ့ဘက် ဂိဠကုဋ်တောင်ပေါ်မှာ သီတင်းသုံးတော်မူစဉ် ရှင်မောဂ္ဂလာန် မကျန်းမာသဖြင့် ရှင်မောဂ္ဂလာန်အား ဗောဇ္ဈင်သုတ်ကို ဟောတော်မူသည်။

၂။ မြတ်စွာဘုရားသည် ဆုဇင်ကြိုဟ်ပြည်အရှေ့ဘက် ဝေဘာရတောင် ပိပ္ပလိဂုဟ်၌ သီတင်းသုံးတော်မူစဉ် ရှင်မဟာကဿပ မကျန်းမာသဖြင့် ရှင်မဟာကဿပအား ဗောဇ္ဈင်သုတ်ကို ဟောတော်မူသည်။

၃။ အခါတစ်ပါး ဘုရားမြတ်စွာသည် ဆုဇင်ကြိုဟ်ပြည် ဇဝဋ္ဋဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် မကျန်းမမာဖြစ်တော်မူရာ (ရှင်သာရိပုတ္တရာ၏ ညီအရင်း) အရှင် စုန္ဒမထေရ်အား ဗောဇ္ဈင်သုတ်ကို ရွတ်စေတော်မူသည်။

www.dhammadownload.com



၁—မင်္ဂလသုတ် ပါဠိတော်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

၁။ ယမင်္ဂလံ ဒ္ဝါဒသဟိ၊ စိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတိံသဉ္စ မင်္ဂလံ။

၂။ ဧဝံမေ သုတံ၊ ကေ သမယံ ဘဂဝါ သာဝတ္ထိယံ
ပိဟရတိ ဇေတဝနေ အနာထ ပိဏ္ဍိကဿ အာရာမေ၊
အထခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ
ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ
ဩဘာသေတွာ။

၄။ ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂ
ဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ၊ ဧကမန္တံ
ဌိတာခေါ သာ ဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈ
ဘာသိ။

၅။ ဗဟူ ဒေဝါ မနုဿာစ၊ မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလ မုတ္တမံ။

www.dhammadownload.com

၆။ အသေဝနာစ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာစ ပူဇနေယျာနံ၊ ဧတံ မင်္ဂလ မုတ္တမံ။
၇။ ပတိရူပ ဒေသဝါသောစ၊ ပုဗ္ဗေစ ကတပုညတာ။
အတ္တသမ္မာပဏိဓိစ၊ ဧတံ မင်္ဂလ မုတ္တမံ။
၈။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယောစ သုသိက္ခိတော။
သုဘာသိတာစ ယာဝါစာ၊ ဧတံ မင်္ဂလ မုတ္တမံ။
၉။ မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာစ ကမ္မန္တာ၊ ဧတံ မင်္ဂလ မုတ္တမံ။
၁၀။ ဒါနဉ္စ ဓမ္မစရိယာစ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလ မုတ္တမံ။
၁၁။ အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာစ သံယမော။
အပ္ပမာဒေါစ ဓမ္မေသု၊ ဧတံ မင်္ဂလ မုတ္တမံ။
၁၂။ ဂါရဝေါစ နိဝါတောစ၊ သန္တုဋ္ဌိစ ကတညုတာ။
ကာလေန ဓမ္မသဝဏံ၊ ဧတံ မင်္ဂလ မုတ္တမံ။
၁၃။ ခန္တီစ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလ မုတ္တမံ။
၁၄။ တပေါစ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ။
နိဗ္ဗာန သစ္ဆိကိရိယာစ၊ ဧတံ မင်္ဂလ မုတ္တမံ။
၁၅။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ နကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလ မုတ္တမံ။
၁၆။ ဧတာဒိသာနိ ကတ္ဝာန၊ သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလ မုတ္တမံ။

www.dhammadownload.com

မင်္ဂလသုတ် အနက်

၁။ သဒေဝကာ၊ နတ်နှင့် တကွသော လူတို့သည်။ ယံ မင်္ဂလံ၊ အကြင်မင်္ဂလာ တရားတော်ကို။ ဒုဒါဒသဟိ၊ တဆယ့်နှစ် နှစ်တို့ကာလပတ်လုံး။ စိန္တယိံသု၊ ကြံကြကုန်၏။ စိန္တယန္တာပိ၊ ကြံကြ ကုန်သော်လည်း။ သောတ္ထာနံ၊ စီးပွား ချမ်းသာခြင်း၏ အကြောင်းဖြစ်သော။ အဋ္ဌတိံသဉ္စ၊ သုံးဆယ့် ရှစ်ပါး အပြားရှိသည်လည်း ဖြစ်သော။ တံမင်္ဂလံ၊ ထိုမင်္ဂလာ တရားတော်ကို။ နာဓိဂစ္ဆန္တိ-နအဓိဂစ္ဆန္တိဝေ၊ မသိနိုင်ကုန်သည်သာ လျှင်တည်း။

၂။ ဒေဝဒေဝေန၊ နတ်တကာတို့ထက်မြတ်သော ဝိသုဒ္ဓိ နတ်ဖြစ်တော်မူသော ဘုရားသခင်သည်။ သဗ္ဗလောက ဟိတတ္ထာယ၊ အလုံးစုံသော သတ္တလောက၏ အစီးအပွားအလို့ဌာ။ ဒေသိတံ၊ ဟောတော်မူအပ်သော။ သဗ္ဗပါပဝိနာသနံ၊ အလုံးစုံသော မကောင်းမှုကို ပယ်ဖျောက် ပေတတ်သော။ တံမင်္ဂလံ၊ ထိုမင်္ဂလာတရားတော်ကို။ ဟေ၊ အို သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

၃။ ဘဒ္ဒန္တေကဿပ၊ အရှင်မဟာကဿပ။ ဣဒံသုတ္တံ၊ ဤမဟာ မင်္ဂလ သုတ်တော်ကို။ မေ-မယာ အာနန္ဒတ္ထေရေန၊ အကျွန်ုပ် အာနန္ဒာ မထေရ်သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သမ္မုခါ၊ မျက်မှောက်တော်မှ။ ဇေဝံ၊ ဤသို့။ သုတံ၊ ကြားလိုက်ရ၏။ ဥပလက္ခိတံ၊ မှတ်လိုက်ရ၏။ ဥပဓာရိတံ၊ ဆောင်လိုက်ရ၏။ ဧကံ၊ တပါးသော။ သမယံ၊ အခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ အနာထပိဏ္ဍိကဿ၊ အနာထပိဏ် သူဌေး၏။ အာရာမေ၊

www.dhammadownload.com

နှလုံးမွေ့လျော် ပျော်ဘွယ်ရာဖြစ်သော။ ဧတဝဓနေ၊ ဧတဝန် ကျောင်းတော်၌။ ဝိဟရတိ၊ နေတော်မူ၏။ အထခေါ၊ ထို့သို့ နေတော်မူသောအခါ၌။ အညတရာ၊ အမျိုးအမည် အားဖြင့် မထင်ရှားသော။ ဒေဝတာ၊ နတ်သားသည်။ အဘိက္ကန္တဿယ၊ ညဉ့်ဦးယာမ် လွန်ပြီးသော။ ရတ္တိယာ၊ သုန်းခေါင်အခါ၌။ အဘိက္ကန္တဝဏ္ဏာ၊ အလွန်နှစ်လိုဘွယ်သော အဆင်းရှိသည်ဖြစ်၍။ ကေဝလအပ္ပံ၊ အလုံးစုံသော။ ဧတဝနံ၊ ဧတဝန်ကျောင်း တော်ကို။ ဩဘာသေတွာ၊ ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်း စေဦး၍။

၄။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ မြတ်စွာဘုရားသခင် သည်။ အတ္ထိ၊ ရှိတော်မူ၏။ တေန၊ ထိုဘုရား ရှိတော်မူရာ အရပ်သို့။ ဥပသင်္ကမိ၊ ကပ်လေ၏။ ဥပသင်္ကမိတွာ၊ ကပ်လေပြီး၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားသခင်ကို။ အဘိဝါဒေတွာ၊ အလွန် ရိုသေစွာ ရှိခိုးဦး၍။ ကေမန္တံ၊ တင့်အပ် လျောက်ပတ်သော အရပ်၌။ အဋ္ဌာသိ၊ ရပ်လေ၏။ ကေမန္တံ၊ တင့်အပ်လျောက် ပတ်သောအရပ်၌။ ဌိတာခေါ၊ ရပ်ပြီးသော။ သာဒေဝတာ၊ ထိုနတ်သားသည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဂါထာယ၊ ဂါထာဖြင့်။ အဇ္ဈဘာသိ၊ ဤသို့နှုတ်တော်လျောက်လေ၏။

၅။ ဘဇန္တေ ဘဂဝါ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဗဟူ၊ များစွာကုန်သော။ ဒေဝါစ၊ နတ်တို့သည်လည်းကောင်း။ မနုဿာစ၊ လူတို့သည်လည်းကောင်း။ သောတ္ထာနံ၊ စင်ကြယ်စွာ သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ချမ်းသာကို။ အာကင်္ခမာနာ၊ လိုချင်တောင့် တကုန်သည်ဖြစ်၍။ မင်္ဂလာနိ၊ စီးပွားချမ်းသာခြင်း၏အကြောင်း

www.dhammadownload.com

ဖြစ်ကုန်သော မင်္ဂလာတရားတော်တို့ကို။ ဒုဒိဒသဟိ၊ တဆယ့် နှစ်နှစ်တို့ ကာလပတ်လုံး။ အစိန္တွယုံ၊ ကြုံကြကုန်၏။ ဥတ္တမံ၊ မြတ်စွာသော။ တံမင်္ဂလံ၊ ထိုမင်္ဂလာ တရားတော်မြတ်ကို။ တုံ၊ အာရုင်ဘုရားသည်။ ဖြူးဟိ၊ ဟောတော်မူပါလော။

၆။ ဘောဒေဝပုတ္တာ၊ အိုနတ်သား။ ဗာလာနံ၊ သူမိုက်တို့ကို။ ယာ အသေဝနာစ၊ အကြင် မမှီဝဲ မဆည်းကပ်ရခြင်း သည်လည်းကောင်း။ ပဏ္ဍိတာနံ၊ ပညာရှိယောသူတို့ကို။ ယာ သေဝနာစ၊ အကြင် မှီဝဲဆည်းကပ်ရခြင်းသည်လည်းကောင်း။ ပူဇနေယျာနံ၊ပူဇော်ထိုက်သောသူတို့ကို။ ယာ ပူဇာစ၊ အကြင် ပူဇော်ရခြင်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တေံ၊ ဤသုံးပါး သော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာ မည်၏ ဟူ၍။ တုံ၊သင်နတ်သားသည်။ ဂဏှာဟိ၊မှတ်လေလော့။

၇။ ဘောဒေဝပုတ္တာ၊အိုနတ်သား။ ပတိရူပ ဒေသဝါသော စ၊ တင့်အပ်လျောက်ပတ်သော အရပ်၌ နေရခြင်းသည်လည်း ကောင်း။ ပုဗ္ဗေ၊ ရှေးဘဝ၌။ ကတပုညတာစ၊ မိမိပြုခဲ့ဘူးသော ကောင်းမှုရှိသောသူ၏ အဖြစ်သည်လည်းကောင်း။ အတ္တသမ္မာ ပဏိဓိစ၊ မိမိကိုယ်ကို ကောင်းစွာဆောက်တည်ရခြင်းသည်လည်း ကောင်း။ အတ္ထိ၊ ရှိ၏။ တေံ၊ ဤသုံးပါးသောတရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တုံ၊သင်နတ် သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၈။ ဘောဒေဝပုတ္တာ၊ အိုနတ်သား။ ဗာဟုသစ္စဉ္စ၊ အကြား အမြင်များသောသူ၏ အဖြစ်သည်လည်းကောင်း။ သိပ္ပဉ္စ၊ လက် မှုပညာ အစရှိသော အပြစ်မရှိသော အတတ်တို့ကို တတ်ရခြင်း

www.dhammadownload.com

သည်လည်းကောင်း။ သုသိက္ခိတော၊ ကောင်းစွာ သင်အပ်သော။ ဝိနယော၀စ၊ ဝိနည်းတရားသည်လည်းကောင်း။ သုဘာသိတာ၊ ကောင်းစွာဆိုအပ်သော။ ယာ၀ဇီ၀ာစ၊ အကြင်စကားသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤလေးပါးသောတရားသည်လျှင်။ ဥတ္တာနံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တံ့၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၉။ ဘော ဒေ၀ပုတ္တ၊ အိုနတ်သား။မာတာပိတု၊ အမိ,အဘကို။ ဥပဋ္ဌာနဉ္စ၊ လုပ်ကျွေးမွေးမြူရခြင်းသည် လည်းကောင်း။ ပုတ္တဒါရဿ၊ သားမယားကို။ သင်္ဂဟော၀စ၊ သင်္ဂြိဟ်ထောက်ပံ့ရခြင်းသည်လည်းကောင်း။ အနာကုလာ၊ အနှောင့်အယှက်မရှိကုန်သော။ကမ္မန္တာ၀စ၊အမှုတို့ကိုပြုရခြင်းသည်လည်းကောင်း။ အတ္ထိ၊ရှိ၏။ ဧတံ၊ ဤသုံးပါးသော တရားသည်လျှင်။ ဥတ္တာနံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တံ့၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၀။ ဘော ဒေ၀ပုတ္တ၊ အိုနတ်သား။ ဒါနဉ္စ၊ အလှူပေးရခြင်းသည်လည်းကောင်း။ ဓမ္မစရိယာ၀စ၊ မြတ်သော အကျင့်ကို ကျင့်ရခြင်းသည်လည်းကောင်း။ ဉာတကာနံ၊ အဆွေအမျိုးတို့ကို။ သင်္ဂဟော စ၊ သင်္ဂြိဟ်ထောက်ပံ့ရခြင်း သည်လည်းကောင်း။အနဝဇ္ဇာနိ၊အပြစ်မရှိကုန်သော။ ကမ္မာနိစ၊ အမှုတို့ကို ပြုရခြင်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤလေးပါးသော တရားသည်လျှင်။ ဥတ္တာနံ၊ မြတ်စွာသော။ မင်္ဂလံ၊မင်္ဂလာမည်၏ဟူ၍။ တံ့၊ သင်နတ်သားသည်။ဂဏှာဟိ၊မှတ်လေလော့။

www.dhammadownload.com

၁၁။ ဘောဒေဝပုတ္တာ၊ အိုနတ်သား။ ပါပါ၊ မကောင်းမှု မှု။ အာရတီစ၊ ဝေးစွာရှောင်ကြဉ်ရခြင်း သည်လည်းကောင်း။ ဝိရတီစ၊ အထူးသဖြင့် ရှောင်ကြဉ်ရခြင်း သည်လည်းကောင်း။ မဇ္ဇပါနာ၊ သေရည်သေရက်တို့ကို သောက်ခြင်းမှ။ သံယမောစ၊ ကောင်းစွာ စောင့်ရှောက်ရခြင်း သည်လည်းကောင်း။ ဓမ္မေသု၊ ကုသိုလ်ကောင်းမှုတို့၌။ အပ္ပမာဒေါစ၊ မမေ့မလျော့ရခြင်းသည် လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤလေးပါးသော တရား သည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တံ့၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၂။ ဘော ဒေဝပုတ္တာ၊ အိုနတ်သား၊ ဂါရဝေါစ၊ ရိုသေ ထိုက်သောသူတို့ကို ရိုသေရခြင်းသည်လည်းကောင်း။ နိဝါတောစ၊ မိမိကိုယ်ကို နှိမ့်ချရခြင်း သည်လည်းကောင်း။ သန္တုဋ္ဌိစ၊ ရောင့်ရဲလွယ်ရခြင်း သည်လည်းကောင်း။ ကတညုတာစ၊ သူပြုဘူးသောကျေးဇူးကို သိရခြင်းသည်လည်းကောင်း။ ကာလေန၊ သင့်တင့်လျောက်ပတ်သော အခါ၌။ ဓမ္မသဝဏ္ဏ၊ သူတော်ကောင်းတရားကို နာရခြင်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤငါးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တံ့၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၃။ တော ဒေဝပုတ္တာ၊ အိုနတ်သား။ ခန္တီစ၊ သည်းခံရခြင်းသည်လည်းကောင်း။ သောဝစဿတာစ၊ သူတော်ကောင်းတို့ ဆုံးမအပ်သောစကားကို နာလွယ်သောသူ၏ အဖြစ်သည်လည်းကောင်း။ သမဏာနံ၊ ရဟန်းပုဏ္ဏားတို့ကို။ ဒဿနဉ္စ၊ ဖူးမြင်ရခြင်းသည်လည်းကောင်း။ ကာလေန၊ သင့်တင့်လျောက်

www.dhammadownload.com

ပတ်သောအခါ၌။ ဓမ္မသာကစ္ဆာစ၊ တရားတော်ကို ဆွေးနွေးမေးမြန်းရခြင်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တေ၊ ဤလေးပါးသော တရားသည်လျှင်။ ဥတ္တာမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တံ့၊ သင်နှတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၄။ ဘောဒေဝပုတ္တာ၊ အိုနတ်သား။ တပေါစ၊ ခြိုးခြံစွာကျင့်ရခြင်းသည်လည်းကောင်း။ ဗြဟ္မစရိယဉ္စ၊ မြတ်သောအကျင့်ကို ကျင့်ရခြင်းသည်လည်းကောင်း။ အရိယသစ္စာနံ၊ အရိယသစ္စာတို့ကို။ ဒဿနဉ္စ၊ သိမြင်ရခြင်း သည်လည်းကောင်း။ နိဗ္ဗာန သစ္ဆိကိရိယာ စ၊ နိဗ္ဗာန်ကို မျက်မှောက် ပြုရခြင်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤလေးပါးသော တရားသည်လျှင်။ ဥတ္တာမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တံ့၊ သင်နှတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၅။ ဘောဒေဝပုတ္တာ၊ အိုနတ်သား။ လောကဓမ္မေဟိ၊ လောကဓံတရားရှစ်ပါးတို့နှင့်။ ဖုဋ္ဌဿ၊ တွေ့ထိသော။ ယဿ၊ အကြင်ရဟန္တာပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ နကမ္ပတိ၊ မတုန်မလှုပ်။ အသောကံ၊ စိုးရိမ်ခြင်းလည်းမရှိ။ ဝိရဇံ၊ ရမ္မက်ဟူသောမြူလည်းမရှိ။ ခေမံ၊ ဘေးလည်းမရှိ။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤလေးပါးသော တရားသည်လျှင်။ ဥတ္တာမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တံ့၊ သင်နှတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၆။ ဘောဒေဝပုတ္တာ၊ အိုနတ်သား။ လောကဓမ္မေဟိ၊ လောကဓံတရားရှစ်ပါးတို့နှင့်။ ဖုဋ္ဌဿ၊ တွေ့ထိသော။ ယဿ၊ အကြင်ရဟန္တာပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ နကမ္ပတိ၊ မတုန်မလှုပ်။ အသောကံ၊ စိုးရိမ်ခြင်းလည်းမရှိ။ ဝိရဇံ၊ ရမ္မက်ဟူသောမြူလည်းမရှိ။ ခေမံ၊ ဘေးလည်းမရှိ။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤလေးပါးသော တရားသည်လျှင်။ ဥတ္တာမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တံ့၊ သင်နှတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၇။ ဘောဒေဝပုတ္တာ၊ အိုနတ်သား။ လောကဓမ္မေဟိ၊ လောကဓံတရားရှစ်ပါးတို့နှင့်။ ဖုဋ္ဌဿ၊ တွေ့ထိသော။ ယဿ၊ အကြင်ရဟန္တာပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ နကမ္ပတိ၊ မတုန်မလှုပ်။ အသောကံ၊ စိုးရိမ်ခြင်းလည်းမရှိ။ ဝိရဇံ၊ ရမ္မက်ဟူသောမြူလည်းမရှိ။ ခေမံ၊ ဘေးလည်းမရှိ။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤလေးပါးသော တရားသည်လျှင်။ ဥတ္တာမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တံ့၊ သင်နှတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၈။ ဘောဒေဝပုတ္တာ၊ အိုနတ်သား [illegible]ဒိသာနိ၊ ဤသို့သဘော ရှိကုန်သော။ အဌတိံသ မင်္ဂလာနိ၊ သုံးဆယ့်ရှစ်ပါးသော မင်္ဂလာတရား တို့ကို။ ကတ္ဝာန၊ ပြုကျင့်ရသောကြောင့်။ သဗ္ဗတ္ထ၊ အလုံးစုံသောဘရပ်တို့၌။ အပ္ပရာဇိတာ၊

www.dhammadownload.com

ရန်သူတို့သည် မိမိအား မအောင်အပ်ကုန်သည်ဖြစ်၍။ သင့်တွ်၊ အလုံးစုံသောအရပ်တို့၌။ သောတ္ထိ၊ ချမ်းသာခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ တံ၊ ထိုသုံးဆယ့်ရှစ်ပါးသော တရားသည်လျှင်။ တေသံ၊ ထိုနတ်၊ လူတို့အား။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

မင်္ဂလသုတ်အနက် ပြီး၏။

မင်္ဂလာတရား သုံးဆယ့်ရှစ်ပါး သရုပ်

"အသေဝနာစ ဗာလာနံ" ဟူသော ပုဒ်၌

(၃-ပါး)

၁။ သူမိုက်တို့ကို မမှီဝဲ မဆည်းကပ်ရခြင်းလည်းတပါး။

၂။ ပညာရှိသောသူတို့ကိုမှီဝဲဆည်းကပ်ရခြင်းလည်းတပါး။

၃။ ပူဇော်ထိုက်သောသူတို့ကို ပူဇော်ရခြင်းလည်း တပါး။

"ပတိရူပ ဒေသဝါသောစ" ဟူသော ပုဒ်၌

(၃-ပါး)

၁။ တင့်အပ်လျောက်ပတ်သော ဒေသ၌ နေရခြင်းလည်း တပါး။

၂။ ရှေးရှေးသောကိုယ်၏အဖြစ်၌ ပြုအပ်သော ကောင်းမှု ရှိသောသူ၏ အဖြစ်လည်း တပါး။

၃။ မိမိကိုယ်ကို ကောင်းစွာ ဆောက်တည် ရခြင်းလည်း တပါး။

www.dhammadownload.com

"ဗာဟုဿစ္စဉ္ဉ" ဟူသောပုဒ်၌
(၄-ပါး)

၁။ အကြားအမြင်များသောသူ၏ အဖြစ်လည်း တပါး။
၂။ အပြစ်မရှိသောအတတ်တို့ကိုတတ်ရခြင်းလည်း တပါး။
၃။ ကောင်းစွာသင်အပ်သော ဝိနည်းတရားလည်း တပါး။
၄။ ကောင်းစွာဆိုအပ်သော စကားလည်း တပါး။

"မာတာပိတု ဥပဋ္ဌာန" ဟူသောပုဒ်၌
(၃-ပါး)

၁။ အမိအဘကို လုပ်ကျွေးမွေးမြူရခြင်းလည်း တပါး။
၂။ သားမယားအား သင်္ကြိုဟ် ထောက်ပံ့ရခြင်းလည်း တပါး။
၃။ အနှောင့်အယှက်မရှိသော အမှုလည်း တပါး။

"ဒါနဉ္စ ဓမ္မစရိယာ" ဟူသောပုဒ်၌
(၄-ပါး)

၁။ အလှူပေးရခြင်းလည်း တပါး။
၂။ တရားတော်နှင့်အညီ ကျင့်ရခြင်းလည်း တပါး။
၃။ အဆွေအမျိုးတို့အား သင်္ဂြိုဟ်ထောက်ပံ့ရခြင်းလည်း တပါး။
၄။ အပြစ်မရှိသောအမှုလည်း တပါး။

www.dhammadownload.com

"အာရတီ ဝိရတိ" ဟူသော ပုဒ်၌
(၄-ပါး)

၁။ မကောင်းမှုမှ ဝေးစွာကြဉ်ရှောင်ရခြင်းလည်း တပါး။
၂။ မကောင်းမှုကို အထူးသဖြင့် ကြဉ်ရှောင်ရခြင်းလည်း တပါး။
၃။ သေအရက်ကို သောက်ခြင်းမှ ကောင်းစွာကြဉ်ရှောင် ရခြင်းလည်း တပါး။
၄။ ကုသိုလ်တရားတို့၌ မမေ့မလျော့ရခြင်း တပါး။

"ဂါရဝေါစ နိဝါတောစ" ဟူသော ပုဒ်၌
(၅-ပါး)

၁။ ရိုသေအပ်သောသူတို့ကို ရိုသေရခြင်းလည်း တပါး။
၂။ မိမိကိုယ်ကို နှိမ်ချရခြင်းလည်း တပါး။
၃။ ရောင့်ရဲလွယ်ရခြင်း တပါး။
၄။ သူ့ကျေးဇူးကို သိရခြင်းလည်း တပါး။
၅။ လျောက်ပတ်သောအခါ၌ တရားတော်ကို နာရခြင်း လည်း တပါး။

"ခန္တီစ သောဝစဿတာ" ဟူသော ပုဒ်၌
(၄-ပါး)

၁။ သည်းခံရခြင်းလည်း တပါး။
၂။ သူတော်ကောင်းတို့ဆုံးမရာ လိုက်နာလွယ်ရခြင်းလည်း တပါး။

www.dhammadownload.com

၃။ ရဟန်းပုဏ္ဏားတို့အား ဖူးမျှော်ရခြင်းလည်း တပါး။
၄။ လျှောက်ပတ်သောအခါ၌ တရားစကားကို ဆွေးနွေး
မေးမြန်းရခြင်းလည်း တပါး။

"တပေါစ ဇြဟ္မစရိယဉ္စ" ဟူသောပုဒ်၌
(၄-ပါး)

၁။ ခြိုးခြံစွာ ကျင့်ရခြင်းလည်း တပါး။
၂။ မြတ်သောအကျင့်ကို ကျင့်ရခြင်းလည်း တပါး။
၃။ အရိယသစ္စာတရားတို့ကို သိမြင်းရခြင်းလည်းတပါး။
၄။ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းလည်း တပါး။

"ဖုဋ္ဌဿ လောကဓမ္မေဟိ" ဟူသောပုဒ်၌
(၄-ပါး)

၁။ လောကဓံတရားရှစ်ပါးတို့နှင့် တွေ့ကြုံခြင်းသော်လည်း
ရဟန္တာပုဂ္ဂိုလ်တို့၏စိတ်သည် တုန်လှုပ်ခြင်း မရှိသည်
လည်း တပါး။
၂။ စိုးရိမ်ခြင်းမရှိသည်လည်း တပါး။
၃။ ရမ္မက်ဟူသော မြူကင်းခြင်းသည်လည်း တပါး။
၄။ ဘေးမရှိခြင်းလည်း တပါး။

မင်္ဂလာတရားသရုပ် ပြီး၏။

---

www.dhammadownload.com

မင်္ဂလသုတ် အဖေးအဖြေ

၎မး။ ။ယခု အဘယ်စာကို သင်ဘန်း။

၎ဖြ။ ။မင်္ဂလသုတ်ကို သင်ပါသည်ဘုရား။

၎မး။ ။မင်္ဂလသုတ်၌ အပြားဘယ်မျှရှိသနည်း။

၎ဖြ။ ။သုံးဆယ့်ရှစ်ပါး အပြားရှိပါသည်ဘုရား။

၎မး။ ။အဘယ်ပါဠိကိုထောက်၍ သိရပါသနည်း။

၎ဖြ။ ။ဒေသနာ ပရိယောသာန နိဂုံး အာဆုံး ဖြစ် သော "တောဒိသာနိ အဒ္ဓတိံ သမင်္ဂလာနိ" ဟူသော ပါဠိကို ထောက်၍ သိရပါသည်ဘုရား။

၎မး။ ။အဘယ်မျှသော ဂါထာဖြင့် ဟောတော်မူသနည်း။

၎ဖြ။ ။ဆယ်ဂါထာဖြင့် ဟောတော်မူပါသည်ဘုရား။

၎မး။ ။ဟောတော်မူသော ဂါထာကား အဘယ်ဂါထာနည်း။

၎ဖြ။ ။အသေဝနာစ-လည်း တစ်ဂါထာ၊ ပတိရူပ-လည်း တစ်ဂါထာ၊ ဗာဟုသစ္စ-လည်း တစ်ဂါထာ၊ မာတာပိတု-လည်း တင်ဂါထာ၊ ဒါနဉ္စ-လည်း တစ်ဂါထာ၊ အာရတိ-လည်း တစ်ဂါထာ၊ ဂါရဝေါ-လည်း တစ်ဂါထာ၊ ခန္တီစ-လည်း တစ်ဂါထာ၊ တပေါစ-လည်း တစ်ဂါထာ၊ ဖုဋ္ဌဿ-လည်း တစ်ဂါထာ၊ ဤဆယ်ဂါထာဖြင့် ဟောတော်မူပါသည်ဘုရား။

၎မး။ ။အဘယ်အရပ်မှာ ဟောသနည်း။

၎ဖြ။ ။သာဝတ္ထိပြည်တွင် ဟောတော်မူပါသည် ဘုရား။

၎မး။ ။သာဝတ္ထိပြည်ဟု အဘယ်ကြောင့် တွင်သနည်း။

(ဆိုသနည်းဟုလည်း မေး)

www.dhammadownload.com

၈ဖြ။ ။"သင်္ဘံမနမေတ္ထ အတ္ထီတိ" ဟု ပါ၌ ရှိသောကြောင့် ခပ်သိမ်းသော လောကီ စည်းစိမ် ချမ်းသာ ရတနာ အပေါင်း တို့သည် လိုရာမတ ပြည့်စုံသောကြောင့် သာဝတ္ထိပြည်ဟု ခေါ်ပါသည် ဘုရား။

၈မး။ ။သာဝတ္ထိပြည်တွင် အဘယ်အရပ်မှာ ဟောတော်မူသနည်း။

၉ဖြ။ ။ဇေတဝန် ကျောင်းတော်၌ ဟောတော် မူပါသည် ဘုရား။

၉မး။ ။ဇေတဝန် ကျောင်းတော်ဟု အဘယ်ကြောင့် ခေါ်သနည်း။

၁၀ဖြ။ ။ဇေတမင်းသား၏ ဥယျာဉ်မြေကို ဥဒေအသပြာအတိ ခင်းပြီ.လျှင် မြေဖိုးပေး၍ ဆောက်သော ကြောင့် ဇေတဝန်ကျောင်းတော်ဟု ဆိုပါသည်ဘုရား။

၁၀မး။ ။အဘယ်သူ ဆောက်သနည်း။

၁၀ဖြ။ အနာထပိဏ်သူဌေး ဆောက်ပါသည် ဘုရား။

၁၀မး။ ။အနာထပိဏ် သူဌေးဟု အဘယ်ကြောင့် ခေါ်ပါသနည်း။

၁၁ဖြ။ ။အနာထာနံ ပိဏ္ဍံ ဒဒါတီတိ အနာထ ပိဏ္ဍိကော-ဟူသော ပါဠိနှင့်အညီ ကိုးကွယ်ရာမရှိသော သူတို့ကို ထမင်းရစာ ပေးတတ်သောကြောင့် အနာထပိဏ် သူဌေးဟု ခေါ်တွင်ပါသည် ဘုရား။

၁၁မး။ ။ငယ်မည်ကို အဘယ်သူ ခေါ်သနည်း။

၁၁ဖြ။ ။သုဒတ္တ ခေါ်ပါသည် ဘုရား။

www.dhammadownload.com

မေး။ ။ဇေတဝန် ကျောင်းတော်သည် သာဝတ္ထိပြည်နှင့် နီး သလော, ဝေးသလော။ အရှေ့, အနောက်, တောင်, မြောက် စသည်တို့တွင် အဘယ်အရပ်မှာနည်း။

ဖြေ။ ။ဘဂဝါ သာဝတ္ထိယံ သာဝတ္ထိနဂရဿ အဝိဒူရေ ဓနုပဋ္ဌသတမတ္တေ ဒက္ခိဏာပထေ-ဟူသော သာဓကပါဠိရှိသောကြောင့် သာဝတ္ထိပြိုင်၏ တောင်အရပ်ဖြစ်သော ကုလလေးတာ အပြန်ငါးရာ အရပ်တွင်ဖြစ်ပါသည် ဘုရား။

မေး။ ။ဇေတဝန် ကျောင်းတော်သည် လေးဒေါင့်လော၊ စမ္မယ်ရုံလော၊ ဥဒုံးပြည်းလော။

ဖြေ။ ။တိဘုမ္မိကေသု ဂန္ဓကုဋီသု-ဟူ၍ သာဓကပါဠိရှိသော ကြောင့် စုလစ်မွန်းချွန်တို့ဖြင့် တင့်တယ်ဆန်းကြယ်စွာ တန်ဆာ ဆင်အပ်၍ ဘုံ သုံးဆင့်ရှိသော ဇေတဝန် ကျောင်းတော် ဖြစ်ပါသည်။

မေး။ ။အဘယ်သူတောင်းပန်၍ ဟောတော်မူသနည်း။

ဖြေ။ ။အမျိုးအမည် မထင်ရှားသော နတ်သား တောင်းပန်၍ ဟောတော်မူပါသည် ဘုရား။

မေး။ ။အဘယ်ကြောင့် မထင်ရှားသော နတ်သားဟု ဆိုသနည်း။

ဖြေ။ ။အထဒေါ အညတရာ ဒေဝတာ-ဟူသော ပါဠိကို ထောက်၍ ဆိုပါသည် ဘုရား။

မေး။ ။မထင်ရှားသောနတ်သား အဘယ်သူဖြစ်သနည်း။

ဖြေ။ ။ဣန္ဒသက္ကဿ သိကြားဟု ဆိုပါသည် ဘုရား။

www.dhammadownload.com

မေး။ ။အဘယ်အခါ တောင်းပန်သနည်း။

ဖြေ။ ။သန်းခေါင်အခါ တောင်းပန်ပါသည်ဘုရား။

မေး။ ။အဘယ်ကြောင့် သိရသနည်း။

ဖြေ။ ။အဘိက္ကန္တဇယရတ္တိယာ – ဟူသောပါဠိကို ထောက်၍ သိရပါသည် ဘုရား။

မေး။ ။မထင်ရှားသော နတ်သားကို အဘယ် အကြောင်း ကြောင့် သိကြားဟု ဆိုသနည်း။

ဖြေ။ ။ဘုရားသခင်၏ ခြေရင်းတော်၌ ညဉ့်ဦးယံကား စတု မဟာရာဇ်နတ်တို့သည် ဆည်းကပ် ဖူးမျှော် ပူဇော်မြဲ အချိန် အခါ ဖြစ်ပါသည်။ သန်းခေါင်ယံ အခါ၌ တာဝတိံသာ နတ်သိကြားတို့ ဆည်းကပ် ဖူးမျှော်မြဲ အချိန်အခါ ဖြစ်ပါသည်။ မိုးသောက်ယံကား ဗြဟ္မာ တို့ ဆည်းကပ် ဖူးမျှော်မြဲ အချိန်အခါဖြစ်ပါသည်။ထို အချိန်ကာလ သုံးပါးတွင် သန်ခေါင်ယံ အချိန် ဖြစ် သောကြောင့် သိကြားဟု ဆိုပါသည် ဘုရား။

မေး။ ။သိကြားတောင်းပန်သည်ဟုအဘယ်သူကြားသနည်း။

ဖြေ။ ။အရှင်အာနန္ဒာ ကြား[illegible]ပါသည် ဘုရား။

မေး။ ။အရှင်အာနန္ဒာ ကြားကြောင်းကို အဘယ်ကြောင့် သရသနည်း။

ဖြေ။ ။အာနန္ဒတ္ထေရ သုတံ-ဟူသောပါဠိကို ထောက်၍ သိရပါသည် ဘုရား။

မေး။ ။အရှင်အာနန္ဒာကြားသော် ဘယ်သူကိုပြောသနည်း။

ဖြေ။ ။အရှင်မဟာကဿပမထေရ်ကို ပြောပါသည် ဘုရား။

www.dhammadownload.com

မေး။ အရှင်မဟာကဿပဟု အဘယ်ကြောင့်ခေါ်သနည်း။

ဖြေ။ ကဿက ကမ္မာဒီသု သံဝေဂံ ပဋိလဘိတ္ဝာ ပဗ္ဗဇန တောတိ ကဿပေါ-ဟူသော ဝိဂြိုဟ်ပါဒ်နှင့် အညီ လယ်လုပ်ခြင်း အစရှိသော အမှုတို့၌ ထိတ်လန့်ခြင်း တရားကိုရ၍ ရဟန်းပြုသောကြောင့် ကဿပဟု ခေါ်ပါသည်ဘုရား။

မေး။ ငယ်မည်ကို အဘယ်သူ ဆိုသနည်း။

ဖြေ။ ရှေအဆင်းကဲ့သို့ ကိုယ်သား ကိုယ်ရေတို့၏ တင့်တယ် ခြင်းရှိသောကြောင့်ပိပ္ပလိလုလင်ဟုဆိုပါသည်ဘုရား။

မေး။ မင်္ဂလာသုံးဆယ့်ရှစ်ပါးဆိုသော်အဘယ်သည်တို့နည်း။

ဖြေ။ အသေဝနာစ။ပ။ တေံ မင်္ဂလ မုတ္တမံ ဟူသော ပထမ ဒေသနာတော်၌ မင်္ဂလာသုံးပါး။ ပတိရူပ ။ပ။ တေံ မင်္ဂလာ မုတ္တမံ ဟူသော ဒုတိယ ဒေသနာတော်၌ မင်္ဂလာသုံးပါး။ ဗာဟုသစ္စဉ္စ ။ပ။ တေံမင်္ဂလမုတ္တမံ ဟူသော တတိယဒေသနာတော်၌ မင်္ဂလာလေးပါး။ မာတာပိတု ။ပ။ တေံမင်္ဂလမုတ္တမံ ဟူသော စတုတ္ထ ဒေသနာတော်၌ မင်္ဂလာသုံးပါး။ ။ဒါနဉ္စ။ပ်။ တေံ မင်္ဂလမုတ္တမံ ဟူသော ပဉ္စမဒေသနာတော်၌ မင်္ဂလာ လေးပါး။ ။အာရတိ ။ပ။ တေံမင်္ဂလမုတ္တမံဟူသော ဆဋ္ဌဒေသနာတော်၌ မင်္ဂလာလေးပါး။ ။ဂါရဝေါ စ ။ပ။ တေံ မင်္ဂလမုတ္တမံ ဟူသော သတ္တမ ဒေသနာ တော်၌ မင်္ဂလာငါးပါး။ ခန္တီစ ။ပ။ တေံမင်္ဂလမုတ္တမံ ဟူသော အဋ္ဌမ ဒေသနာတော်၌ မင်္ဂလာလေးပါး။ တပေါစ ။ပ။ တေံမင်္ဂလမုတ္တမံဟူသောနဝမဒေသနာ

www.dhammadownload.com

တော်၌ မင်္ဂလာလေးပါး။ ။ဖုဋ္ဌဿ ။ပ။တေ့မင်္ဂလ မုတ္တမံ ဟူသော ဒသုမ ဒေသနာတော်၌ မင်္ဂလာလေးပါး။ ။ဤသို့အားဖြင့် မင်္ဂလာသုံးဆယ့်ရှစ်ပါး ရှိပါသည်ဘုရား။

ဧမေ။ အသေဝနာစ အစရှိသော ပထမ ဒေသနာတော်၌ မင်္ဂလာသုံးပါးဆိုသော် အဘယ်သည်တို့နည်း။

ဧဖြေ။ သူမိုက်တို့ကို မမြဲဝဲ မဆည်းကပ် ရခြင်း သည်လည်း မင်္ဂလာတစ်ပါး၊ ပညာရှိသောသူတို့ကို မြဲဝဲဆည်းကပ် နှိုးနှောရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ ဘုရားအစ ရှိသော ရတနာသုံးပါးတို့အား အရိုအသေ အလေး အမြတ် ပြုရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ ဤသို့ အားဖြင့် အသေဝနာစ အစရှိသော ပထမဒေသနာ တော်၌ မင်္ဂလာသုံးပါး ရှိပါသည်ဘုရား။

ဧမေး။ အသေဝနာစ အစရှိသော ပထမ ဒေသနာတော်၌ မင်္ဂလာသုံးပါးကိုသိရပါပြီ။ ပတိရူပဒေသဝါသောစ အစရှိသော ဒုတိယဒေသနာတော်၌ မင်္ဂလာသုံးပါး ဆိုသော် အဘယ်သည်တို့နည်း။

ဧဖြေ။ တင့်အပ်လျောက်ပတ်သော အရပ်၌ နေရခြင်းသည် လည်းမင်္ဂလာတစ်ပါး၊ရှေးကပြုခဲ့ဘူးသော ကောင်းမှု ရှိခြင်းသည်လည်းမင်္ဂလာတစ်ပါး၊ မိမိကိုယ်ကိုကောင်း စွာ ထိန်းသိမ်းစောင့်ရှောက်ခြင်းသည်လည်း မင်္ဂလာ တစ်ပါး၊ ဤသို့အားဖြင့် ပတိရူပ ဒေသဝါသောစ

www.dhammadownload.com

အစရှိသော ဒုတိယ ဒေသနာတော်၌ မဂ်လာသုံးပါး ရှိပါသည်ဘုရား။

မေး။ ပတိရူပ ဒေသဝါသောစ အစရှိသော ဒုတိယဒေသနာတော်၌ မဂ်လာသုံးပါးကို သိရပါပြီ။ ဗာဟုသစ္စဥ္စ အစရှိသော တတိယ ဒေသနာတော်၌ မဂ်လာလေးပါးဆိုသော် အဘယ်သည်တို့နည်း။

ဖြေ။ ကျမ်းဂန်တရား အကြားအမြင်များရခြင်းသည်လည်း မဂ်လာတစ်ပါး၊ အပြစ်ခပ်သိမ်း ကင်းသော နှုတ်မှုအတတ်တို့ကို တတ်ရခြင်းသည်လည်း မဂ်လာတစ်ပါး၊ ကောင်းစွာသိအပ်သော ဝိနည်းတရားတို့ကို သင်ကြားရခြင်းသည်လည်း မဂ်လာတစ်ပါး၊ အင်္ဂါလေးပါးနှင့် ပြည့်စုံသောစကားကိုပြောဆိုရခြင်းသည်လည်းမဂ်လာတစ်ပါး။ ဤသို့အားဖြင့် ဗာဟုသစ္စဥ္စ အစရှိသော တတိယဒေသနာတော်၌ မဂ်လာလေးပါး ရှိပါသည်ဘုရား။

မေး။ ဗဟုဿုစ္စဥ္စ အစရှိသော် တတိယ ဒေသနာတော်၌ မဂ်လာတရား လေးပါးကို သိရပါပြီ။ မာတာပိတု အစရှိသော စတုတ္ထ ဒေသနာတော်၌ မဂ်လာသုံးပါး ဆိုသော် အဘယ်သည်တို့နည်း။

ဖြေ။ အမိ,အဘတို့ကို လုပ်ကျွေး မွေးမြူရခြင်းသည်လည်း မဂ်လာတစ်ပါး၊သားမယားတို့အား သင်္ဂြိဟ်ထောက်ပံ့ရခြင်းသည်လည်း မဂ်လာတစ်ပါး၊အနှောင့်အရှက်မရှိသော လယ်လုပ်ခြင်းကုန်သွယ်ခြင်း အမှုတို့ကိုပြုရခြင်းသည်လည်းမဂ်လာတစ်ပါး၊ဤသို့အားဖြင့်မာတာပိတု

www.dhammadownload.com

အစရှိသော စတုတ္ထ ဒေသနာတော်၌ မင်္ဂလာတရား သုံးပါးဖြစ်ပါသည်ဘုရား။

မေး။ မာတာပိတု အစရှိသော စတုတ္ထ ဒေသနာတော်၌ မင်္ဂလာသုံးပါးကိုသိရပါပြီ။ ဒါနဥ္စ အစရှိသော ပဉ္စမ ဒေသနာတော်၌ မင်္ဂလာတရား လေးပါး ဆိုသော် အဘယ်သည်တို့နည်း။

ဖြေ။ အလှူပေးရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ တရားကို ကျင့်ရခြင်းသည်လည်းမင်္ဂလာတစ်ပါး၊ အဆွေအမျိုး တို့အား သင်္ဂြိဟ်ထောက်ပံ့ရခြင်း သည်လည်း မင်္ဂလာတစ်ပါး၊ အပြစ်မဲ့သော အကြင်အမှုတို့ကို ပြုရခြင်း သည်လည်း မင်္ဂလာတစ်ပါး၊ ဤသို့အားဖြင့် ဒါနဥ္စ အစရှိသော ပဉ္စမ ဒေသနာတော်၌ မင်္ဂလာတရား လေးပါးဖြစ်ပါသည်ဘုရား။

မေး။ ဒါနဥ္စ အစရှိသော ပဉ္စမ ဒေသနာတော်၌ မင်္ဂလာ လေးပါးကို သိရပါပြီ။ အာရတီ အစရှိသော ဆဋ္ဌ ဒေသနာတော်၌ မင်္ဂလာလေးပါးဆိုသော် အဘယ် သည်တို့နည်း။

ဖြေ။ မကောင်းမှုကို မပြုမူ၍ ဝေးစွာကြဉ်ရှောင်ခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ ကိုယ်၏အသက်ကို ငဲ့ကွက်ခြင်းကင်း သောစိတ်ဖြင့် ငါသည် မကောင်းမှုကိုမပြုပြီ။ ငါ၏ အသက်သေသော်လည်း သေပါစေ၊ သူ၏အသက်ကို မသတ်မူ၍ သူ့ဥစ္စာကို ခိုးယူခြင်းအစရှိသော အမှုကို

www.dhammadownload.com

မပြုပြီဟု အထူးသဖြင့် ကြဉ်ရှောင်ရခြင်း သည်လည်း မင်္ဂလာတစ်ပါး။

၉မေး။ သုရာဂါးပါးဆိုသည် အဘယ်နည်း။

၉ဖြ။ ပိဋ္ဌသုရာ-မုန့်ညက်ဖြင့် ပြုသောသေ။ ပူဝသုရာ-မုန့်မြင့် ပြုသောသေ။ ဩဒနသုရာ-ထမင်းဖြင့် ပြုသောသေ။ ကိဏ္ဏပက္ခိတ္တသုရာ-တဆေးထည့်၍ ပြုသောသေ။ သမ္ဘာရသံယုတ္တာ မျိုးစုံသော အဆောက်အဦတို့ ဖြင့်ပြုသောသေ။ ဤသည်ကား သုရာဂါးပါးဖြစ်ပါသည်ဘုရား။

၉မေး။ မေရယဂါးပါးဆိုသည် အဘယ်နည်း။

၉ဖြ။ ပဋ္ဌါသဝေါ-အပင့်အရည်တို့ဖြင့် ပြုသော အရက်။ ဖလာသဝေါ- သစ် မည် စည် သီး အစရှိသည်တို့ဖြင့် ပြုသောအရက်။ မဓုါသဝေါ - မုဒရက်သီး အစရှိသည်တို့ဖြင့် ပြုသောအရက်။ ဂုဠာသဝေါ- ကြံရည်တို့ဖြင့် ပြုသောအရက်။ သမ္ဘာရသံယုတ္တာ-မျိုးစုံသော အဆောက်အဦတို့ဖြင့် ပြုသော အရက်။ ဤသည်ကား မေရယဂါးပါး ဖြစ်ပါသည်ဘုရား။ ဆိုအပ်ခဲ့ပြီးသော ယစ်မျိုးဂါးပါးကို သောက်စားခြင်းမှစ၍ စွဲငြိစည်းရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ ဒါန, သီလ, ဘာဝနာ, အပစာယန, ဝေယျာဝစ္စ, ပတ္တိဒါန, ပတ္တာနုမောဒန, ဓမ္မဿဝန, ဓမ္မဒေသနာ, ဒိဋ္ဌုကုမ္မတည်းဟူသော ကုသိုလ်တရား ဆယ်ပါးတို့ဖြင့် မမေ့မလျော့ ရခြင်းသည်လည်း မင်္ဂလာတစ်ပါး။ ဤသို့

www.dhammadownload.com

အားဖြင့် အာရတီ အစရွိသော ဆဋ္ဌ ဒေသနာတော်၌ မဂ်လာတရား လေးပါးဖြစ်ပါသည်ဘုရား။

မေး။ အာရတီ အစရွိသော ဆဋ္ဌ ဒေသနာတော်၌ မဂ်လာတရားလေးပါးကိုသိရပါပြီ။ ဂါရဝေါစ အစရွိသော သတ္တမဒေသနာတော်၌ မဂ်လာတရားငါးပါးဟူသော်ကား အဘယ်သည်တို့နည်း။

ဖြေ။ ဇာတ်, ဂုဏ်ရှိသော သူတို့အား အရိုအသေ အလေးအမြတ်ပြုရခြင်းသည်လည်း မဂ်လာတစ်ပါး၊ မိမိကိုယ်ကို နှိမ့်ချခြင်းသည်လည်း မဂ်လာတစ်ပါး၊ ရရသမျှသော ပစ္စည်းအသုံးအဆောင်တို့ဖြင့် ရောင့်ရဲလွယ်ရခြင်းသည်လည်း မဂ်လာတစ်ပါး၊ သူတပါးကျေးဇူးကို သိရခြင်းသည်လည်း မဂ်လာတစ်ပါး၊ လျောက်ပတ်သောအခါ၌ တရားတော်ကို နာရခြင်း သည် လည်း မဂ်လာတစ်ပါး၊ ဤသို့အားဖြင့် သတ္တမဒေသနာတော်၌ မဂ်လာတရား ငါးပါးဖြစ်ပါသည်ဘုရား။

ဓမေး။ သတ္တမဒေသနာတော်ဖြစ်သော ဂါရဝေါစ၌ မဂ်လာတရားငါးပါးကို သိရပါပြီ။ ခန္ဓိစ အစရွိသော အဋ္ဌမဒေသနာတော်၌ မဂ်လာတရားလေးပါး ဟူသော်ကား အဘယ်သည်တို့နည်း။

ဓဖြ။ ကိုယ့်အောက် ယုတ်သော သူတို့ကို သည်းခံရခြင်းသည်လည်း မဂ်လာတစ်ပါး၊ သူတော်ကောင်းတို့ ဆိုလွယ်သော သူ၏အဖြစ်သည်လည်း မဂ်လာတစ်ပါး၊ ရဟန်းပုဏ္ဍားတို့အား ဖူးမြင်ရခြင်းသည်လည်း မဂ်လာ

www.dhammadownload.com

တစ်ပါး၊ လျောက်ပတ်သောအခါ၌ တရားစကားကို နှိုးနှောပြောဆို ဆွေးနွေးမေးမြန်းရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ ဤသို့အားဖြင့် အဋ္ဌမဒေသနာတော် ဖြစ်သော ခန္ဓိစ၌ မင်္ဂလာတရားလေးပါးဖြစ်ပါသည်ဘုရား။

၈မး။ အဋ္ဌမဒေသနာတော်ဖြစ်သော ခန္ဓိစ၌ မင်္ဂလာတရားလေးပါးကို သိရပါပြီ။ တပေါစ အစရှိသော နဝမဒေသနာတော်၌ မင်္ဂလာတရား လေးပါးဟူသည်ကား အဘယ်သည်တို့နည်း။

၉ဖြ။ ခြိုးခြံစွာကျင့်ရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ မြတ်သော မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာတည်းဟူသော ဗြဟ္မစိုရ်တရားကို ကျင့်ရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ အရိယသစ္စာတရားမှန်တို့ကို သိမြင်ရခြင်းသည်လည်းမင်္ဂလာတစ်ပါး၊အရဟတ္တဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည်လည်း မင်္ဂလာတစ်ပါး၊ ဤသို့အားဖြင့် တပေါစ အစရှိသော နဝမဒေသနာတော်၌ မင်္ဂလာတရား လေးပါးဖြစ်ပါသည်ဘုရား။

၉မး။ နဝမဒ်ဒသနာတော်ဖြစ်သောတပေါစ၌မင်္ဂလာတရား လေးပါးကို သိရပါပြီ။ ဤသည် အစရှိသော ဒသမဒေသနာတော်၌ မင်္ဂလာတရားလေးပါးဟူသော်ကား အဘယ်သည်တို့နည်း။

၉ဖြ။ လာဘော, အလာဘော၊ ယသော, အယသော၊ နိန္ဒာပသံသာ၊ သုခံ, ဒုက္ခံဘည်းဟူသော လောကဓံတရား ရှစ်ပါးတို့နှင့် တွေ့သော ရဟန္တာပုဂ္ဂိုလ်၏ စိတ်သည်

www.dhammadownload.com

တုန်လှုပ်ခြင်း မရှိသော အဖြစ်သည်လည်း မင်္ဂလာတစ်ပါး၊ ထိုလောကဓံတရားရှစ်ပါးတို့ကို တွေ့သော အခါစိုးရိမ်ခြင်းမရှိသည်လည်းမင်္ဂလာတစ်ပါး၊ကိလေသာရမ္မက်ဟူသော အညစ်အကြေးမတင် ့သန့်ရှင်းစင်သောအဖြစ်သည်လည်း မင်္ဂလာတစ်ပါး၊ကြောက်မက်ခြင်းကင်းသောအဖြစ်သည်လည်း မင်္ဂလာတစ်ပါး၊ဤသို့အားဖြင့် ဒသမဒေသနာတော်၌ မင်္ဂလာတရားလေးပါးဖြစ်ပါသည်ဘုရား။

၎မေး။ မင်္ဂလာတရားတော်ကို အရှင်အာနန္ဒာ မထေရ်သည် အရှင်မဟာကဿပ မထေရ်အား ပြောသည်ဆိုသော် အဘယ်အရပ်မှာ ပြောသနည်း။

၎ဖြ။ ရာဇဂြိုဟ်ပြည်မှာ ပြောပါသည်ဘုရား။

၎မေး။ ရာဇဂြိုဟ်ပြည်ဟု အဘယ့်ကြောင့်ခေါ်ပါသနည်း။

၎ဖြ။ စကြဝဠတေး အစရှိသော ဘုန်းကြီးသောမင်းတို့သည် သိမ်းယူရာဖြစ်သောကြောင့် ရာဇဂြိုဟ်ဟု ခေါ်ဘွဲ့ပါသည်ဘုရား။

၎မေး။ ရာဇဂြိုဟ်ပြည် မြို့တွင်းမှာလော၊မြို့ပြင်မှာလော၊အရှေ့အနောက်,တောင်,မြောက်စသော အရပ်တွင် အဘယ်အရပ်မှာ ပြောသနည်း။

၎ဖြ။ ရာဇဂြိုဟ်ပြည် မြို့ပြင်, မြောက်ဘက်အရပ်, ဝေဘာရတောင်ဝှမ်း,စရည်းပင်ရောက်သော ကျောက်ဂူလိုဏ်ဝင်၌ နတ်တို့ဘုံဆောင်ဗိမာန်နှင့်တူသောရတနာမျိုးတို့ဖြင့် တန်ဆာဆင်အပ်သော ချောမောပြပြစ် ဆန်းကြယ်

www.dhammadownload.com

လှစ္စဝါသော ရတနာ သဘင် မဏ္ဍပ်မှ ဣန္ဒနီလာ, မသဝါရဂလ်, မနောမယ အစရှိသော ရတနာမျိုး တို့ဖြင့် စိမံ အပ်သော တွတ္တိံးဒိုး ရွှေချောင်းစိုး သကဲ့သို့ လှုံညီး တောက်ပသော ပလ္လင်ထက်၌ အဖိုး အတိုင်းမသိ ထိုက်သော ခင်နှိုး နေရာ ပေါ်တွင် ဆင်စွယ်စီသော ယပ်ကိုကိုင်၍ အရွှေစူးစူးသို့ မျက်နှာ ပြုလျက် နေတော်မူပြီးလျှင် ပထမသင်္ဂါယနာကို အမှူး ပြု၍ ဆောင်ရွက်တော် မူသော အရှင်မဟာကဿပ ရဟန္တာကြီးက မေးတော်မူလျှင် အရှင်အာနန္ဒာ ဖြေ လျှောက် ပါသည် ဘုရား။ နတ်သား တောင်းပန် ၍ ဟောတော်မူသောအခါ ကုဋေရှစ်သန်းမျှလောက် ကုန်သော နတ်သားတို့သည် ရဟန္တာဖြစ်ကြ၏ ဆိုပါ သည်။ သောတာပန်, သကဒါဂါမ်, အနာဂါမ်ဖြစ် သူ အနန္တဆိုပါသည် ဘုရား။

မင်္ဂလသုတ် အမေးအဖြေ ပြီး၏။

မင်္ဂလသုတ်၌ အထူးမှတ်ရန် အဓိပ္ပါယ်

[မင်္ဂလသုတ်၌ အဓိပ္ပါယ်ကို အထူး မှတ်သားရန် အနည်းငယ်မျှ ထည့်သွင်း လိုက်ပါဦးအုံ]။

ကေမန္တံ အဒ္ဓဿိ - ဟူသော ပါဠိ၏ အဓိပ္ပါယ်ကား- နှီးလွန်းသော အရပ်၊ ဝေးလွန်းသော အရပ်၊ လေညှာဖြစ် သော အရပ်၊ ခြင့်သော အရပ်၊ ရွှေတူရွှ ဖြစ်သော အရပ်၊

www.dhammadownload.com

နောက်တူရွှဖြစ်သော အရပ်၊ ၎င်း ခြောက်ရပ်မှ လွတ်သော အရပ်ကို ဆိုလိုသည်။

၊တိရွှပ ဒေသဝါသေဝစ-ဟူသောပါဠိ၏ အဓိပ္ပါယ်ကား- ရတနာသုံးပါး ထင်ရှားရှိသောအရပ်၌နေရခြင်းကို ဆိုလိုသည်။

အတ္တသမ္မာပဏိဓိစ - ဟူသော ပါဠိ၏ အဓိပ္ပါယ်ကား- ဒုစရိုက် ဆယ်ပါးမှ ရှောင်ကြဉ်ရမည် ဆိုလိုသည်။

သုဘာသိတာစ ယ ဝါစ - ဟူသော ပါဠိ၏ အဓိပ္ပါယ်ကား- ပိသုဏဝါစာမှကြဉ်၍ ဆိုအပ်သော သုဘာသိတစကား- ဖရုသဝါစာမှ ကြဉ်၍ဆိုသော ပိယဝါစာစကား၊ သပ္ပပွလာပမှ ကြဉ်၍ဆိုသော ဓမ္မစကား၊ မုသာဝါဒမှ ကြဉ်၍ဆိုသော သစ္စာစကား၊ ဤ အင်္ဂါ လေးပါးနှင့် ပြည့်စုံသော စကားကို ဆိုလိုသည်။

ပုတ္တဒါရဿသင်္ဂဟော - ဟူသော ပါဠိ၏ အဓိပ္ပါယ်ကား- သရဏကုံ ဆောက်တည်၍, ပဉ္စသီကို ထိန်းစောင့်၍, ကုသိုလ် ကောင်းမှုကို ပြု၍, တရားတော်နှင့် အညီ သား, မယားမွေးရမည် ဆိုလိုသည်။

ဒါနဉ္စမမ္မစရိယာ-ဟူသော ပါဠိ၏ အဓိပ္ပါယ်ကား-ဆွမ်း, အဖျော်, ကျောင်း, သင်္ကန်း, ယာဉ်, ပန်း, နှံသာပျောင်း နှံသာ, အိပ်ရာနေရာ, ဆီမီး, ၎င်းဒါန၀တ္ထုဆယ်ပါး၊ သူနာတို့၏ အထောက်အပံ့ ဖြစ်သော ဆေး၊ ဤဆယ်တစ်ပါးကို ဒါနဉ္စ ပုဒ်၌ ဆွဲငင်းအပ်၏။ ။ငါးပါးသီလ, ဆယ်ပါးသီလ, စတုပါရိသုဒ္ဓိ သီလတို့ကို စမ္မစရိယာ ပုဒ်၌ ဆွဲငင်းအပ်၏။ ။အင်္ဂဉ်သီလကို အနဝဇ္ဇာနိ ကမ္မာနိ - ဟူသော ပုဒ်၌ ဆွဲငင်းအပ်၏။

www.dhammadownload.com

အာရတီ ဝိရတီ– ပါဠိ၏ အဓိပ္ပါယ်ကား.... စိတ် နှလုံး ဖြင့် ကြဉ်ခြင်းသည် အာရတီ မည်၏။ ကိုယ်, နှုတ်နှစ်ပါးဖြင့်ကြဉ်ခြင်း သည် ဝိရတိမည်၏။

မဒ္ဒပါနာ–ပါဠိ၏ အဓိပ္ပါယ်ကား.... သုရာငါးပါး, မေရယ ငါးပါးကို ကြဉ်ရှောင်ရမည် ဆိုလိုသည်။

သန္တုဋ္ဌိစ– ပါဠိ၏ အဓိပ္ပါယ်ကား.... ကိုလေသာတို့ကို ခေါင်းပါးစေခြင်းငှာ လောဘအာရုံသို့ မလိုက်မူ၍ ရရှိသမျှ သော ပစ္စည်းတို့ဖြင့် ရောင့်ရဲ၍ သုံးဆောင်ရမည် ဆိုလိုသည်။

ကာလေန ဓမ္မဿဝနံ–ဟူသော ပါဠိ၏ အဓိပ္ပါယ်ကား.... ကာမဝိတက်, ဗျာပါဒ ဝိတက်, ဝိဟိံသ ဝိတက်၊ ဤမိစ္ဆာ ဝိတက် မဝင်လာသော အခါသည် တရားတော်ကို နာခြင်းငှာ လျောက်ပတ်သောအခါ မည်၏။

သောဝစဿတာ – ဟူသော ပါဠိ၏ အဓိပ္ပါယ်ကား.... သားတော် ရာဟုလာကို သြဝါဒ ပေးတော်မူသော အခါ တခွန်းတည်းသော စကားဖြင့် နာယူ လွယ်သကဲ့သို့ သူတော် ကောင်းတို့ ဆုံးမ စကားကို တခွန်းတည်းဖြင့် နားထောင် နာယူလွယ်ရမည် ဆိုလိုသည်။

သမဏာနဉ္စ ဒဿနံ – ဟူသော ပါဠိ၏ အဓိပ္ပါယ်ကား... သီလဝန္တ ပုထုဇဉ်နှင့်ပုဂ္ဂိုလ်နှင့်တကွ သေက္ခပုဂ္ဂိုလ် ခုနစ်ယောက် တို့အား ဖူးမြင်ရမည် ဆိုလိုသည်။

www.dhammadownload.com

တပေါစ–ဟူသောပါဠိ၏အဓိပ္ပါယ်ကား–ဝီရိယကိုဖြစ်စေ၍, ဤနှိုင်းယှဉ်ဝရသီလကို လုံအောင်ထိန်းသိမ်းရမည် ဆိုပါသည်။

ဖဟ္မစရိယဋ္ဌ–ဟူသော ပါဠိ၏အဓိပ္ပါယ်ကား.... မေထုန်ငယ် ၇–ပါးမှ ကြဉ်ရမည် ဆိုလိုသည်။

အရိယသစ္စာနဒဿနံ – ဟူသော ပါဠိ၏ အဓိပ္ပါယ်ကား.... သစ္စာလေးပါးကို မဂ်ဉာဏ်ဖြင့် မြင်ရမည်ဟု ဆိုလိုသည်။

နိဗ္ဗာနသစ္ဆိကိရိယာ – ဟူသော ပါဠိ၏ အဓိပ္ပါယ်ကား.... အရဟတ္တဖိုလ်သို့ ရောက်ခြင်း, ဆင်ခြင်ခြင်းကို ဆိုလိုသည်။

ဖလာဇီဝမေဟိ– ဟူသော ပါဠိ၏အဓိပ္ပါယ်ကား... လာဘ် ရမြဲခြင်း, လာဘ်မရခြင်း, အခြံအရံရှိခြင်း, အခြံအရံမရှိခြင်း၊ ကဲ့ရဲ့ခြင်း, ချီးမွမ်းခြင်း၊ ဝမ်းသာခြင်း, ဆင်းရဲခြင်း ဤလောကဓံတရား ရှစ်ပါးကို ဆိုလိုသည်။

မင်္ဂလသုတ်၌ အထူးမှတ်ရန် အဓိပ္ပါယ် ပြီး၏။

မင်္ဂလာသံပေါက်

၁။ ကောလာဟလ၊ ကြံကုန်ကြ၊ ဒေဝမနုဿာ။
၂။ သက္ကသိကြား၊ တောင်းပန်ငြား ဟောထားဒေသနာ။
၃။ အသေဝနာစ၊ ဗာလာန၊ ရှောင်ကြဝေးဝေးခွါ။
၄။ ပဏ္ဍိတာနဉ္စ၊ သေဝန၊ ပေါင်းကြမှီဝဲရာ။
၅။ ပူဇနိယ၊ ပူဇာစ၊ ပြုဒန်းလှသည်သာ။
၆။ ပတိရူပ၊ တင့်အပ်လှ၊ ဒေသအရပ်မှာ။
၇။ ပုဗ္ဗကတ၊ လွန်ဒါန၊ ရှေးကပြုသော်သာ။
၈။ ကိုယ်ကိုယောင်မ၊ ဆောက်တည်က၊ လားကြနိဗ္ဗုတာ။

www.dhammadownload.com

၉။ အကြားအမြင်၊ မြွားမြောက်ပင်၊ ကြည့်လင်အားထုတ်ပါ။

၁၀။ အပြစ်မရှိ၊ ကင်းလွတ်ဘိ၊ ကဝိမ္မတ်ကုန်ရာ။

၁၁။ ဝိနယောစ၊ သိုက္ခိတ၊ သင်ကြ မျိုးလေးဖြာ။

၁၂။ သုဘာသိတ၊ ယာဝဇီစ၊ ကောင်းလှဆိုအပ်စ္ဒာ။

၁၃။ မာတာ,ပိတ၊ မိန္ဒင်္ဘ၊ နိစ္စလုပ်ကျေးပါ။

၁၄။ မယား-သားအ~း၊ သင်္ဂြိဟ်ငြား၊ တပါးမင်္ဂလာ။

၁၅။ အနာကုလ၊ ကမ္မန္တ၊ ပြုကြ မှုကိစ္စာ။

၁၆။ အလှူဒါန၊ ပေးဝေဥ၊ ထက်လှစေတနာ။

၁၇။ အကျင့်ဓမ္မ၊ ကောင်းမြတ်လှ၊ မဒ္ဓသူတော်စ္ဒာ။

၁၈။ ဉာတကာနဥ္စ၊ သင်္ဂဟ၊ မ,စ သင်္ဂြိဟ်ပါ။

၁၉။ အနဝဇ္ဇ၊ ပြစ်မရ၊ ပြုကြအပ်သည်သာ။

၂၀။ အာရတိစ၊ အမမ္မ၊ နေ့ည ကြဉ်ကုန်ပါ။

၂၁။ ဝိရတိစ၊ ထူးထွေလှ၊ ကြဉ်ကြမှုပါပါ။

၂၂။ မဇ္ဇပါန၊ ယစ်မျိုးစ၊ ရှောင်ကြ လူတကာ။

၂၃။ ကုသိုလ်ဓမ္မ၊ အားထုတ်ကြ၊ နေ့ည မမေ့ရာ။

၂၄။ ဂါရဝေါစ၊ ရိုတုပ်ကို၊ မြတ်လှဓမ္မတာ။

၂၅။ နိဝါတောစ၊ ကိုယ်နှိမ့်ခြ၊ မာနမထောင်ရာ။

၂၆။ သန္တုဋ္ဌိစ၊ ရောင့်ရဲကြ၊ နိစ္စ အလှယ်သာ။

၂၇။ သူ၏ကျေးဇူး၊ မထိမ်မြူး၊ ကြည်နူးသိကုန်ပါ။

၂၈။ လျော်ကန်ပတ်ကာလ၊ မြတ်ဓမ္မ၊ နာကြအပ်သည်သာ။

၂၉။ သည်းခံနှလုံး၊ သူတော်ဆုံး၊ ရှင်ပြုံးကျင့်အပ်စ္ဒာ။

www.dhammadownload.com

၃၀။ ကောင်း သည် စ ကား၊ ဆို တတ် ငြား၊ အမျှား ကြည် မေတ္တာ။
၃၁။ မကောင်္ဇမ္မအား၊ ဝေးစွာရှား၊ လားလား ကြဉ်ကုန်ပါ။
၃၂။ ရဟန်းသူမြတ်၊ ဖူးမြင်အပ်၊ ယွင်းချွတ်မရှိရာ။
၃၃။ သုံးခါတလ၊ မြတ်ဓမ္မ၊ နေ့ည ဆွေးနွေးရာ။
၃၄။ ခြိုးခြံကျင့်ဝတ်၊ သူတော်မြတ်၊ မပြတ်အရိယာ။
၃၅။ ဗြဟ္မစရိယ၊ ဖြူစင်လှ၊ ကျင့်ကြပကြိုတာ။
၃၆။ အရိယသစ္စာ၊ ဒဿန၊ သိကြမျိုးလေးဖြာ။
၃၇။ နိဗ္ဗာန် မျက်မှောက်၊ ပြုကုန်မြောက်၊ ထွန်းတောက်မင်္ဂလာ။
၃၈။ လောကဓံတရား၊ တွေ့ကြုံငြား၊ လှုပ်ရှားမရှိရာ။
၃၉။ စိုးရိမ်သောက၊ စိတ်မခု၊ ကင်းကြ လွတ်သည်သာ။
၄၀။ ကိလေသာမျိုး၊ နှောင်ဖွဲ့ကြိုး၊ ဖြတ်ချိုးရှင်းရှင်းကွာ။
၄၁။ အဇ္ဈတ္တိက၊ ဗာဟိရ၊ ဘေးမှလွတ်သည်သာ။
၄၂။ သုံးဆယ့်ရှစ်ပါး၊ ဤတရား၊ အမျှားမှတ်ကုန်ပါ။
၄၃။ ကျက်ရှုအာရုံ၊ ဆောင်လေက၊ ကြီးလှမင်္ဂလာ။
၄၄။ ကျက်သရေမျိုး၊ နေ့တိုင်းတိုး၊ ဟိုးဟိုးကျော်မည်သာ။

မင်္ဂလာသုံးပေါက် ပြီး၏။

www.dhammadownload.com

၂-အပြင်အောင်ခြင်းရှစ်ပါးပုဒ်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

၁။ ဗာဟုံသဟဿ မဘိနိမ္မိတ သာဝုဓန္တံ၊
ဂိရိမေခလံ ဥဒိတဃောရုံ သသေန မာရုံ။
ဒါနာဒိ ဓမ္မဝိဓိနာ ဇိတဝါ မုနိန္ဒော။
တံ တေဇသာ ဘဝတု မေ ဇယမင်္ဂလံ။

၂။ မာရာတိရေက မဘိယုဇ္ဈိတ သဗ္ဗ ရတ္တိ၊
ဃောရံ ပနာဠဝက မက္ခမ ထဒ္ဓ ယက္ခံ။
ခန္တီ သုဒန္တ ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလံ။

၃။ နာဠဂိရိံ ဂဇဝရံ အတိမတ္တဘူတံ၊
ဒါဝဂ္ဂိ စက္က မသနိဝ သုဒါရုဏန္တံ။
မေတ္တာမ္ဗုသေက ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလံ။

၄။ ဥက္ခိတ္တ ခဂ္ဂ မတိဟတ္ထ သုဒါရုဏန္တံ၊
ဓာဝံ တိယောဇန ပထင်္ဂုလိမာလဝန္တံ။
ဣဒ္ဓိ ဘိသင်္ခ်တ မနော ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလံ။

၅။ ကတ္ဝာန ကဋ္ဌ မုဒရံ ဣဝ ဂဗ္ဘိနီယံ၊
စိဉ္စာယ ဒုဋ္ဌ ဝစနံ ဇနကာယ မဇ္ဈေ။
သန္တေန သောမ ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယမင်္ဂလံ။

၆။ သစ္စာနု သစ္စ ဝိဘဇံ ဗုဓရံ ဣဗ္ဘိနီယံ၊
ဇိဇ္ဇာယ ဒုဋ္ဌ ဝစနံ ဇနကာယ မဇ္ဈေ။
သန္တေန သောမ ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယမင်္ဂလံ။

၇။ ဒုက္ခေတ္တ ခဂ္ဂ မတိဟတ္ထ သုဒါရုဏန္တံ၊
ဓာဝံ တိယောဇန ပထင်္ဂုလိမာလဝန္တံ။
ဣဒ္ဓိ ဘိသင်္ခ်တ မနော ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလံ။

၈။ ကတ္ဝာန ကဋ္ဌ မုဒရံ ဣဝ ဂဗ္ဘိနီယံ၊
စိဉ္စာယ ဒုဋ္ဌ ဝစနံ ဇနကာယ မဇ္ဈေ။
သန္တေန သောမ ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယမင်္ဂလံ။

www.dhammadownload.com

၆။ သစ္စံ ဝိဟာယ အတိသစ္စက ဝါဒကေတုံ၊
ဝါဒါ ဘိရောပိတ မနုံ အတိအန္ဓဘူတံ။
ပညာ ပဒီပ ဇလိတော ဇိတဝါ မုနိန္ဒော၊
တ တေဇသာ ဘဝတု မေ ဇယမင်္ဂလံ။

၇။ နန္ဒောပနန္ဒ ဘုဇင်္ဂံ ဝိဝိဓံ မဟိဒ္ဓိ၊
ပုတ္တေန ထေရ ဘုဇင်္ဂေန မုနာပယန္တော။
ဣဒ္ဓိုပဒေသ ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယမင်္ဂလံ။

၈။ ဒုဂ္ဂါဟ ဒိဋ္ဌိ ဘုဇင်္ဂေန သုဒဋ္ဌ ဟတ္ထံ၊
ဖြဟ္မံ သုတံ ဇုတိ မဟိဒ္ဓိ ဗကာဘိဓာနံ။
ဉာဏာဂဒေန ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလံ။

အပြင်အောင်ခြင်းရှစ်ပါး အနက်

၁။ ယောမုနိန္ဒော၊ အကြင် မြတ်စွာဘုရားသည်။ ဂိရိ မေခလံ၊ ဂိရိမေခလာ အမည်ရှိသော ဆင်ကို။ ဥဒိတံ၊ တက်စီးထသော။ အာဘိနိမ္မိတ သာဝုဓန္တံ၊ အလှန် ဖန်ဆင်းအပ်သော လက်နက်နှင့် တကွဖြစ်သော။ ဗာဟုံသဟာသံ၊ တကျော်သော လက်ရုံး ရှိထသော။ ယောရုံ၊ ကြမ်းထမ်းစွာ ထသော။ သဲသန မာရုံ၊ စစ်ယဉ်နှင့် တကွသော မာရ်နတ်သားကို။ ဒါနာဒိ ဓမ္မဝိဓိနာ၊ ဒါနပါရမီ အစရှိသော တရားတည်းဟူ

www.dhammadownload.com

သော အစီအရင်ဖြင့်။ ဇီတဝါ၊ အောင်တော်မူလေပြီ။ တံ တေဇသော၊ မာရ်နတ်သားကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၂။ ယောမုနိန္ဒေါ၊ အကြင်မြတ်စွာဘုရားသည်။ မာရာတိရေကံ၊ မာရ်နတ်သားထက် အလွန်။ သဗ္ဗရတ္တိံ၊ ညဉ့်သုံးယံပတ်လုံး၊ အာဘိယုဇ္ဈိတံ၊ အလွန်စစ်ထိုးနိုင်ထဲသော၊ ဃောရံ၊ ကြောက်မက်ဖွယ် ရှိထသော။ အက္ခမံ၊ သူတပါး တို့သည် သည်းခံနိုင်ခဲထသော။ ထဒ္ဒံ ကြမ်းထမ်း ခက်မာစွာထသော။ အာဌဝကံ၊ အာဠဝက အမည်ရှိသော။ ယက္ခံပန၊ ဘီလူးကို ကား။ ခန္တီ သုဒန္တိတိမိနာ၊ သည်းခံတော်မူခြင်း, ကောင်းစွာယဉ်ကျေးစေတော်မူခြင်း တည်းဟူသော အစီအရင်ဖြင့်။ ဇီဘဝါ၊ အောင်တော်မူလေပြီ။ တံ တေဇသော၊ အာဠဝက ဘီလူးကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု ဖြစ်စေသတည်း။

၃။ ယောမုနိန္ဒေါ၊ အကြင်မြတ်စွာဘုရားသည်။ ဒါဝဂ္ဂိစက္ကမသနိဝ၊ တောမီး, မိုးကြိုး စက်ကဲ့သို့။ သုဒါရုဏာနိ၊ အလွန် ကြမ်းကြုတ်စွာထသော။ အတိမဒ္ဒဘူတံ၊ အလွန် မုန်ယစ်စွာဆသော။ နာဠာဂိရိံ၊ နာဠာဂိရိ အမည်ရှိသော။ ဂဇဝရံ၊ မြတ်သော မင်းစီးဆင်ကို။ မေတ္တာမုသေက ဝိဝိနာ၊ မေတ္တာတော်ရေကို သွန်းခြင်းတည်းဟူသော အစီအရင်ဖြင့်။ ဇီတဝါ၊ အောင်တော်မူလေပြီ။ တံ တေဇသော၊ နာဠာဂိရိ ဆင်ကို

www.dhammadownload.com

အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အား ဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၄။ ယောမုနိန္ဒော၊ အကြင် မြတ်စွာဘုရားသည်။ ဉာဏ်တို့ ခဂ္ဂ မဘိဟတ္ထ သုဒါရုဏန်၊ ချီအပ်သော သန်လျက်လက်၌ရှိသည် ဖြစ်၍ အလွန် ကြမ်းကြုတ်စွာထသော။ တိယောဇနပထံ၊ သုံးယူဇနာရှိသော ခရီးကို။ ဓာဝံ၊ တဟုန်တည်း ပြေးစွမ်းနိုင်ထသော။ အင်္ဂုလိမာလဝန်၊ လက်ညိုး တည်းဟူသော ပန်းရှိသော ခိုးသူကို။ ဣဒ္ဓိဘိသင်္ခတမနော၊ တန်ခိုးတော် အားဖြင့် ဖန်ဆင်းအပ်သော နှလုံးတော်ရှိသည်ဖြစ်၍။ ဇိတဝါ၊ အောင် တော်မူလေပြီ။ တံ တေဇသာ၊ အင်္ဂုလိမာလ အမည်ရှိသော ခိုးသူကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော် အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၅။ ယောမုနိန္ဒော၊ အကြင် မြတ်စွာဘုရားသည်။ ကဋ်၊ သစ်သားကို။ ဂဗ္ဘိနိယံ၊ ကိုယ်ဝန်ဆောင်သော။ ဉဒရံ ဣဝ၊ ဝမ်းကဲ့သို့။ ကတ္ဝာန၊ ပြုလတ်၍။ ဇနကာယမင်္ဂေ၊ တရားနာ ပရိသတ်ဖြစ်သော လူရဟန်းအပေါင်းတို့ အလယ်၌။ စိဉ္စာယ၊ စိဉ္စမာဏဝိကာ အမည်ရှိသော မိန်းမည်စ်၏။ ဒုဋ္ဌဝစနံ၊ စုပ်စဲ့သောအားဖြင့် ဖျက်ဆီးသော စကားလို့။ သန္တေန၊ ငြိမ်သက်စွာသော။ သောမ ဝိဓိနာ၊ ဖြူစင်စွာသော အစီအရင်ဖြင့်။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံ တေဇသာ၊ စိဉ္စမာဏ

www.dhammadownload.com

ဝိကာ အမည်ရှိသော မိန်းမညစ်၏ စုပ်စွဲသော အားဖြင့် ဖျက်ဆီးသော စကားကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၆။ ယောမုနိန္ဒော၊ အကြင် မြတ်စွာ ဘုရားသည်။ သစ္စံ၊ မှန်သောစကားကို။ ဝိဟာယ၊ စွန့်၍။ အတိသစ္စကဝါဒကေတုံ၊ မမှန်သည်ကို မှန်သည်ဟု ဆိုအပ်သော ဝါဒ တည်းဟူသော မှန်ကင်းရှိထသော။ ဝါဒါဘိရောပိတမနံ၊ မိမိဝါဒဖြင့်သူတပါး တို့အား နှိမ်နင်းလိုသော စိတ်ရှိထသော။ အတိအန္ဓဘူတံ၊ အလွန် မိုက်လှစွာသော ကူဋဒန္တ အမည်ရှိသော သစ္စက ပရိဗိုဇ်ကို။ ပညာပဒီပ ဇာလိတော၊ ပညာတော် တည်းဟူသော ဆီမီး တန်ဆောင်ကို ညှိထွန်းတော်မူသည် ဖြစ်၍။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံ တေဇသာ၊ ကူဋဒန္တ အမည်ရှိသော သစ္စက ပရိဗိုဇ်ကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော် အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊သည်။ ဘဝတု၊ တည်း။

၇။ ယော မုနိန္ဒော၊ အကြင်မြတ်စွာဘုရားသည်။ ဝိဝိဓံ၊ အထူးထူး အပြားပြားရှိသော။ မဟိဒ္ဓိံ၊ ကြီးသော တန်ခိုးရှိသော။ နန္ဒောပနန္ဒဘုဇင်္ဂံ၊ နန္ဒောပနန္ဒ အမည်ရှိသော နဂါးမင်းကို။ ထေရဘုဇင်္ဂေန၊ ကြီးမြတ်သော နဂါးမင်းဖြစ်တော်မူသော။ ပုတ္တေန၊ သားတော် အရှင် မောဂ္ဂလ္လာန်ကို။ မုနာ-ပယန္တော၊ အခိုးအလှဲကို ထွက်စေလျက်။ ဣဒ္ဓိုပဒေသဝိဓိနာ၊

www.dhammadownload.com

တန်ခိုးတော် ဖန်ဆင်းခြင်းဌဲ့ နည်းညွှန် ဥပဒေကို ပေးသော အစိအရင်ဖြင့်။ ဇီတဝါ၊ အောင်တော်မူလေပြီ။ တံ တေဇသာ၊ နန္ဒောပနန္ဒ အမည်ရှိသော နဂါးမင်းကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အား ဖြင့်။ မေ၊ အက္ခန်ုပ်အား။ အင်္ဂုံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

ဂ။ ယော မုနိန္ဒော၊ အကြင် မြတ်စွာဘုရားသည်။ ဒုဂ္ဂါဟ ဒိဋ္ဌိဘုဇင်္ဂနေန၊ မကောင်းသော ဒယူမိစ္ဆာဒိဋ္ဌိ တည်းဟူသော မြွေသည်။ သုဒဋ္ဌဟတ္ထော၊ ပြင်းစွာကိုက်အပ်သော လက်ရှိထသော။ သုတံ၊ ကျော်စောစွာထသော။ ဇုတိမဟိဒ္ဓိ ! တောက်ပသော ကြီးသော တန်ခိုးရှိထသော။ ဗကာဘိဓာနံ၊ ဗကအမည်ရှိသော။ ဗြဟ္မံ၊ ဗြဟ္မာမင်းကို။ ဉာဏာဂဒေန၊ ဉာဏ်တော်တည်းဟူသော အဆိပ်ကို ဖျောက်တတ်သော ဆေးဟုဆို၊အပ်သော။ ဝိဓိနာ၊ အစိအရင်ဖြင့်။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံ တေဇသာ၊ ထိုဘုရား၏ တန်ခိုးတော်အား ဖြင့်။ မေ၊အက္ခန်ုပ်အား။ အင်္ဂုံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

အပြင်အောင်ခြင်းရှစ်ပါးအနက် ပြီး၏။

---

www.dhammadownload.com

၃-အတွင်းအောင်ခြင်းရှစ်ပါးပါဠိ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

၁။ အဝိဇ္ဇာ အဏ္ဍကောသမ္ပိ၊ သတ္တော တဏှာ ဇလာဗုဇေ၊
တမ္မာဌာနာ နိက္ခာမေသိ၊ ဒေသနာညာဏတေဇသာ။
ဇေတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယ မင်္ဂလံ။

၂။ မဟာမောဟန္ဓကာရေန၊ အဘိဘူတေ မဟာဇနေ၊
ပညာ စက္ခုံ လဘာပေသိ၊ ညာဏာ လောကေန
သောဇိနော။
ဇေတေန သစ္စ ဝဇ္ဇေန၊ ဟောတု မေ ဇယ မင်္ဂလံ။

၃။ ရာဂါဒိ အဂ်ိဇာလေဟိ၊ ဥဖုကာယံ မဟာဇနံ။
နိဗ္ဗာပေသိ နရ နာထော၊ အဋ္ဌ မဂ်င် ဝါရိနာ။
ဇေတေန သစ္စ ဝဇ္ဇေန၊ ဟောတု မေ ဇယ မင်္ဂလံ။

၄။ စတုရောဃေဟိ ဝုယ္ဟန္တေ၊ ဂမ္ဘီရေ သံသာရဏ္ဏဝေ။
ဥတ္တာရေသိ မဟာဝီရော၊ ဓမ္မနာဝါယ နာယကော။
ဇေတေန သစ္စ ဝဇ္ဇေန၊ ဟောတု မေ ဇယ မင်္ဂလံ။

၅။ သံသာရ စာရကံ လောကံ၊ နိစ္စံ ဒုက္ခေန ပီဠိတံ။
နိဗ္ဗာန ပုရံ ပါပေသိ၊ ယာနတ္တယေန သောဇိနော။
ဇေတေန သစ္စ ဝဇ္ဇေန၊ ဟောတု မေ ဇယ မင်္ဂလံ။

၆။ ကဋ္ဌမုခါဒိ သပ္ပေဟိ၊ ဥဋ္ဌကာယံမဟာဇနံ။ နိဗ္ဗာပေသိ
မဟာဓီရော၊ နာထော တိလောက ဇေဋ္ဌကော။
ဇေတေန သစ္စ ဝဇ္ဇေန၊ ဟောတု မေ ဇယ မင်္ဂလံ။

www.dhammadownload.com

၇။ သံသာရ ဒုက္ခကန္တာရာ၊ ကိလေသ စောရ ပိဋိတံ၊
ခေမန္တဘူမိံ တာရေသိ၊ သတ္ထဝါဟော ဝိနာယကော။
ဇေတေန သစ္ဝဝင်္ဂေန၊ ဟောတု မေ ဇယ မင်္ဂလံ။

၈။ ပဉ္စတာလိသ ဝဿာနိ၊ ဌတ္ဝာ လောကံ သဒေဝကံ။
ပိဝယိတ္ဝာ ဓမ္မရသံ၊နိဗ္ဗုတော သော သဿာဝကော။
ဇေတေန သစ္ဝဝင်္ဂေန၊ ဟောတု မေ ဇယ မင်္ဂလံ။

အတွင်းအောင်ခြင်းရှစ်ပါး အနက်

၁။ အဝိဇ္ဇာအတ္ထကောသမ့ိ၊ အဝိဇ္ဇာ တည်းဟူသော ဥခွံတွင်းဌ်။ တဏှာဇလာဗုဇေ၊ တဏှာတည်းဟူသော သားအိမ်ဌ် ဖြစ်ကုန်သော။ သတ္တော၊ သတ္တဝါတို့ကို။ ဒေသနာဉာဏတေဇသာ၊ ဒေသနာဉာဏ် တည်းဟူသော တန်ခိုးဖြင့်။ တမှာဌာနာ၊ ထိုအဝိဇ္ဇာဥခွံ တဏှာသားအိမ်အရပ်မှ။ နိက္ခာပေသိ၊ ထုတ်မြောက်စေတော်မူပြီ။ ဇေတေန သစ္ဝဝင်္ဂေန၊ ဤသို့သော သစ္စာစကားကြောင့်။ မေ၊ အာက္ခန့ိပ်အား။ ဇယ မင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

၂။ သောဇိနော၊ ထိုမြတ်စွာဘုရားသည်။ ဉာဏာလောကေန၊ ဉာဏ်တော်တည်းဟူသော အလင်းရောင်ဖြင့်။ မဟာမောဟန္ဓကာရေန၊ ကြီးစွာသော အမိုက်တိုက် တည်းဟူသော မောဟသည်။ အဘိဘူတော၊ အလွန် နှိပ်စက်အပ်ကုန်သော။ မဟာဇနေသတ္တော၊ များစွာကုန်သော သတ္တဝါတို့ကို။ ပညာစက္ခုံ၊ ပညာတည်းဟူသော စက္ခုကို။ လဘာပေသိ၊ ရစေတော်မူပြီ။ ဇေတေန သစ္ဝဝင်္ဂေန၊ ဤသို့သော သစ္စာစကား

www.dhammadownload.com

ကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

၃။ နရနာထော၊ လူသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ရာဂဒိဒိ အဂိုဇာလေဟိ၊ ရာဂအစရှိသော မီးလျှံတို့ဖြင့်။ ဒုဗ္ဘိကာယံ၊ ပူလောင်သော ကိုယ်ရှိသော။ မဟာဇနံ၊ များစွာသော သတ္တဝါကို။ အဒ္ဓမဂ္ဂဴ ဝါရိနာ၊ မဂ္ဂင်ရှစ်ပါး တည်းဟူသော ရေစင်ဖြင့်။ နိဗ္ဗာပေသိ၊ ငြိမ်းစေတော်မူပြီ။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့သော သစ္စာစကားကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

၄။ မဟာဗိရော၊ ကြီးမြတ်သော လုံ့လရှိတော်မူသော။ နာယကော၊ လူသုံးပါးတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော မြတ်စွာဘုရား သခင်သည်။ ဂမ္ဘီရေ၊ နက်စွာသော။ သံသာရဏ္ဏဝေ၊ သံသရာတည်းဟူသော သမုဒ္ဒရာ၌။ စတုဏ္ဏံ ယေဟိ၊ လေးပါးသော အယာဉ်တို့ဖြင့်။ ဝုယှန္တေ၊ မျောကုန်သော သတ္တဝါတို့ကို။ မမုနာဝဟိယ၊ တရားတည်းဟူသော လှေဖြင့်။ ဥတ္တာရေသိ၊ ကယ်တင်တော်မူပြီ။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့သော သစ္စာစကားကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

၅။ သောဇိနော၊ ထိုမြတ်စွာဘုရားသည်။ သံသာရ စာရကံ၊ သံသရာ၌ ကျင်လည်ထသော။ ဒုက္ခေန၊ ဇာတိ အစရှိသော ဒုက္ခဖြင့်။ နိစ္စံ၊ အမြဲ။ ပီဠိတံ၊ နှိပ်စက်အပ်ထသော။

www.dhammadownload.com

လောက်၊ လူအပေါင်းကို။ ယာနတ္တာယေန၊ ယာဉ်သုံးပါးတို့ ၏ အပေါင်းဖြင့်။ နိဗ္ဗာနပုရံ၊ နိဗ္ဗာန်ပြည်မြတ်သို့။ ပါပေသိ၊ ရောက်စေတော်မူပြီ။ ဇေတုန သစ္ဆဝဇ္ဇေန၊ ဤသို့သော သစ္စာ စကားကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

၆။ မဟာဓိရော၊ ကြီးမြတ်သော ပညာရှိတော်မူထသော၊ ဟိလောက ဝေဠုဂေါ၊ လူသုံးပါးတို့၏ ဆေးသမားသဖွယ် ဖြစ်တော်မူထသော။ နာထော၊ မြတ်စွာဘုရားသည်။ ကဋ္ဌ မုခါဒိသပ္ပဟိ၊ ကဋ္ဌမုခ အစရှိသော မြွေလေးစင်းတို့သည်။ ဥဋ္ဌကာယံ၊ ကိုက်အပ်သော ကိုယ်ရှိသော။ မဟာဇနံ၊ များစွာ သော သတ္တဝါကို။ နိဗ္ဗာပေသိ၊ ငြိမ်းစေတော်မူပြီ။ ဇေတုန သစ္စဝဇ္ဇေန၊ ဤသို့သော သစ္စာစကားကြောင့်။ မေ၊ အကျွန်ုပ် အား။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါ စေသတည်း။

၇။ သတ္ထဝါဟော၊ ယာဉ်မှူးသဖွယ် ဖြစ်တော်မူသော။ ဝိနာယကော၊ သတ္တဝါတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ် သောမြတ်စွာဘုရားသည်။ ကိလေသစောရပဒ္ဒိတံ၊ ကိလေသာ တည်းဟူသော ခိုးသူတို့သည် နှိပ်စက်အပ်သောသတ္တဝါအပေါင်း ကို။ သံသာရ ဒုက္ခကန္တာရာ၊ သံသရာဆင်းရဲ တည်းဟူသောဧရိုး ခဲမှာ။ ဧခမန္တံ ဘူမိံ၊ ဘေးမရှိရာ နိဗ္ဗာန်သို့။ တာရေသိ၊ ပို့ဆောင် ထုတ်ဝေါက် ကူးမြောက်စေတော်မူပြီ။ ဇေတုန သစ္စဝဇ္ဇေန၊ ဤသို့သော သစ္စာစကားကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယ မင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

www.dhammadownload.com

၈။ သော၊ ထိုဆိုအပ်ခဲ့ပြီးသော ကျေးဇူးအပေါင်းတို့နှင့် ပြည့်စုံတော်မူပြီးသော မြတ်စွာဘုရားသည်။ ပဋ္ဌတာလိသဝဿာနို၊ လေးဆယ့်ငါးဝါတို့ပတ်လုံး။ ဌတ္ဝာ၊ တည်တော်မူ၍။ သဒ္ဒဝကံ၊ နတ်နှင့်တကွသော။ လောကံ၊ လူအပေါင်းကို။ ဓမ္မရသံ၊ တရားတည်းဟူသော အမြိုက်အရသာကို။ ပိဝယိတ္ဝာ၊ သောက်စေတော်မူပြီး၍။ သဿာဝကော၊ တပည့်သား သံဃာတော်အပေါင်းနှင့်တကွ။ နိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုတော်မူလေပြီ။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့သော သစ္စာစကားကြောင့်။ မေ၊ အာက္ခုန်ပ်အား။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

အတ္ထင်းအောင်ခြင်းရှစ်ပါးအနက် ပြီး၏။

၄-ရတနာရှေချိုင့်ပါဠိတော်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

၁။ ဇယာသနဂတာ ဗုဒ္ဓါ၊ ဇိတ္ဝာ မာရံ သဝါဟနံ။
စတု သစ္စာမတရသံ၊ ယေ ပိဝိ သု နရာသဘာ။

၂။ တဏှာက်ရာဒယော ဗုဒ္ဓါ၊ အဒ္ဒဝိသတိ နာယကာ။
သဗ္ဗေ ပတိဋ္ဌိတာ မယှံ၊ မတ္ထကေ တေ မုနိသရာ။

၃။ သိသေ ပတိဋ္ဌိတောနောသိ၊ဗုဒ္ဓေါမေမွာ ဒ္ဒိလောစနေ။
သံဃော ပတိဋ္ဌိတော မယှံ၊ ဥရေ သဗ္ဗဂုဏာကရော။

www.dhammadownload.com

၄။ ဟဒယေ မေ အနုရုဒ္ဓေါ။
သာရိပုတ္တောစ ဒက္ခိဏေ။
ကောဏ္ဍညော ပစ္ဆာ ဘာဂသ္မိ၊
မောဂ္ဂလ္လာနော စ ဝါမကေ။

၅။ ဒက္ခိဏေ သဝဏေ မယ္ဟံ၊
အာသုံ အာနန္ဒ ရာဟုလာ။
ကဿပေါ စ မဟာနာမော၊
ဥဘောသုံ ဝါမသောတကေ။

၆။ ကေသန္တေ ပိဋ္ဌိဘာဂသ္မိံ၊ သူရိယော၀ ပဘံကရော။
နိသိန္နော သိရိသမ္ပန္နော၊ သောဘိတော မုနိပုင်္ဂဝေါ။

အာဋာနာဋိယသုတ်တံ၊ အာဋာနာဋိယသုတ်သည်။
နိဋ္ဌိတံ၊ ပြီးပြီ။

၉-အင်္ဂုလိမာလသုတ် အနက်

၁၃၂။ ယံပရိတ်တံ၊ အကြင်အင်္ဂုလိမာလသုတ်ပရိတ်တော်ကို။ ဘာဏန္တိဿ၊ ရွတ်သောထေရ်၏။ နိသိန္နဋ္ဌာနဓောဝနံ၊ နေရာအရပ်ကိုဆေးသော။ ဥဒကမ္ပိ၊ ရေမျှသည်လည်း။ သဗ္ဗံ၊ ခပ်သိမ်းသော။ ပရိဿယံ၊ ဘေးရန်ကို။ ဝိနာသေတိ ဇဝ၊ ပျောက်စေသလျင်ကတည်း။

၁၃၃။ ယံ၊ အကြင်အင်္ဂုလိမာလပရိတ်သည်။ သောတ္ထိနာ၊ ချမ်းသာသဖြင့်။ ဂဗ္ဘဝုဋ္ဌာနဠ္ဟ၊ ကိုယ်ဝန်ဖွားခြင်းကိုလည်း။ တခ်ဏော၊ ထိုခဏ၌။ သာဓေတိ၊ ပြီးစေတတ်၏။ အင်္ဂုလိမာလဿ၊ အင်္ဂုလိမာလအမည်ရှိသော။ ထေရဿ၊ မထေရ်အား။ လောကနာထေန၊ မြတ်စွာဘုရားသည်။ ဘာသိတံ၊ ဟောတော်မူအပ်ထသော။ ကပ္ပဋ္ဌာယိံ၊ အာယုကပ်ပတ်လုံးတည်ထသော။ မဟာတေဇံ၊ ကြီးလောတန်ခိုးလည်း ရှိထသော။ တံပရိတ်တံ၊ ထို အင်္ဂုလိမာလ ပရိတ်တော်ကို။ ဟော၊ အရှင်သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

www.dhammadownload.com

၁၃၄။ ဘဂိနိ၊ နှမ။။ အဟံ၊ ငါသည်။ ယတော၊ အကြင် အခါမှ။ ပဋ္ဌာယ၊ စ၍။ အရိယာယ၊ မြတ်သော။ ဇာတိယာ။ အဖြစ်ဖြင့်။ဇာတော၊ ဖြစ်၏။ တတော၊ ထိုအခါမှစ၍။ သဉ္ဇိစ္စ၊ သေစေလိုသော ဧစတနာရှိသည်ဖြစ်၍။ ပါဏံ၊ အသက်ရှိသော သတ္တဝါကို။ဇီဝိတာ၊ အသက်မှ။ ဝေါရောပေတာ ဣတိ၊ ချဉ်းနှိမ်ဟူ၍။ နာဘိဇာနာမိ၊ ငါမသိ။ တေနသစ္စေန၊ ထိုသို့မှန်သော စကားဖြင့်။ တေ၊ သင့်အား။ သ့ဲသာတ္ထိ၊ ချမ်းသာခြင်းသည်။ ဟောတု၊ဖြစ်စေသတည်း။ဂဇ္ဇာဿ၊ဝမ်းဦးရှိသောသတ္တဝါအား။ သ့ဲသာတ္ထိ၊ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

အင်္ဂုလိမာလသုတ်၊ အင်္ဂုလိမာလသုတ်သည်။

နိဋ္ဌိတံ၊ ပြီး၏။

၁၀-ဗောဇ္ဈင်သုတ်အနက်

၁၃၅။ သံသာရေ၊ သံသရာ၌။ သံသရန္တောနံ၊ ကျင်လည်ကုန်သော သူတို့၏။။ သဗ္ဗဒုက္ခ ဝိနာသနေ၊ ခပ်သိမ်းသော ဆင်းရဲကို ဖျောက်တတ် ကုန်ထသော။။ မာရသေနာပမဒ္ဒနေ၊ ကိလေသာ ဟူသော မာရ်စစ်သည်ကို နှိပ်စက်တတ် ကုန်ထသော။။ သတ္တာ၊ ခုနစ်ပါးကုန်သော။။ ဗောဇ္ဈင်၊ အရဟတ္တမဂ်၏ အင်္ဂါဖြစ်ကုန်ထသော။။

၁၃၆။ ယေဣမေမေမွေ၊ အကြင်တရားတို့ကို။။ ဗုဇ္ဈိတ္ထ၁၊ သိ၍သာလျှင်။။ သတ္တာ၊ သင့်တဝါတို့သည်။။ တိဘဝါ၊ သုံးပါးသော ဘဝမှ။။ မုတ္တကာ၊ ကင်းလွတ်ကုန်၏။။ ဥတ္တမာ၊ မြတ်ကုန်၏။။ အဇာတိ၊ ပဋိသန္ဓေနေခြင်း မရှိထသော။။ အဇရံ၊

www.dhammadownload.com

အိုခြင်းမရှိထသော့။ အဗျာဓိ၊ နာခြင်းမရှိထသော။ နိဗ္ဗာယံ၊ ဘေးလည်း မရှိထသော။ အမတံ၊ သေခြင်းမရှိသော နိဗ္ဗာန်သို့။ ဂတာ၊ ရောက်ကုန်၏။

၁၃၇။ ဧဝမာဒိဂုဏ္ဏုပေတံ၊ ဤသို့ အစရှိသော ကျေးဇူးတို့နှင့် ပြည့်စုံထသော။ အနေက ဂုဏ သင်္ဂဟံ၊ များသော ကျေးဇူးတို့ကိုလည်း တက္ခယူရာဖြစ်ထသော။ သြသဓ္ဓ၊ ဆေးလည်း ဖြစ်ထသော။ မန္တဇ္ဇ၊ မန္တရားလည်း ဖြစ်ထသော။ ဣမံဗောဇ္ဈင်္ဂ၊ ဤဗောဇ္ဈင်္ဂကိုလည်း။ ဟေ၊ အရှင်သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

၁၃၈။ သတိ သမ္ဗောဇ္ဈင်္ဂေ၊ သတိ ဟူ၍ ဆိုအပ်သော။ ဗောဇ္ဈင်္ဂေါ၊ သမ္မောဇ္ဈင်္ဂလည်းကောင်း။ တထာ၊ ထိုမြို့။ ဓမ္မာနံ ဝိစယေ၊ ဓမ္မဝိစယသမ္မောဇ္ဈင်္ဂလည်းကောင်း။ ဝီရိယဇ္ဈ၊ ဝီရိယသမ္မောဇ္ဈင် လည်းကောင်း။ ပီတိ၊ ပီတိသမ္မောဇ္ဈင် လည်းကောင်း။ ပဿဒ္ဓိ၊ ပဿဒ္ဓိသမ္မောဇ္ဈင်လည်းကောင်း။ တထာ၊ ထိုမြို့။ အပရေ၊ တပါးကုန်သော။

၁၃၉။ သမာဓုပေက္ခာ၊ သမာဓိ,ဥပေက္ခာ ဖြစ်ကုန်သော။ ဗောဇ္ဈင်္ဂါစ၊ သမ္မောဇ္ဈင်တို့လည်းကောင်း။ သတ္တာ၊ ခုနစ်ပါးကုန်သော။ ဧတေဗောဇ္ဈင်္ဂါ၊ ထိုသမ္မောဇ္ဈင်တို့ကို။ သဗ္ဗဒသိနာ၊ ခပ်သိမ်းသော တရားတို့ကို မြင်တော်မူတတ်သော။ မုနိနာ၊ မြတ်စွာဘုရားသည်။ သမ္မာ၊ ကောင်းသောအပြားဖြင့်။ အက္ခာတာ၊ ဟောတော်မူအပ်ကုန်၏။ ဘာဝိတာ၊ ပွားစေအပ်ကုန်၏။ ဗဟုလီကတာ၊ အကြိမ်များစွာ ပြုအပ်ကုန်၏။

၁၄၀။ အဘိညာယ၊ ရှေ့ရှု သိအပ်ကုန်သော ဂရုတို့ကို သိခြင်းအကျိုးငှာလည်းကောင်း။ နိဗ္ဗာနာယ စ၊ ကိလေသာ

www.dhammadownload.com

ငြိမ်းခြင်းအကျိုးငှာလည်းကောင်း။ ဗောဓိယာဓ၊ အရဟတ္တမဂ်ဉာဏ် အကျိုးငှာလည်းကောင်း။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ဧတေန သစ္စဝဇ္ဇေန၊ ထိုသို့မှန်သော စကားကို ဆိုသဖြင့်။ သဗ္ဗဒါ၊ ခပ်သိမ်းသော အခါ၌။ တေ၊ သင်၏။ သောတ္ထိ၊ စီးပွားချမ်းသာသည်။ ဟောတု၊ ဖြစ်စေသတည်း။

၁၄၁။ ကသ္မိံ၊ တပါးသော။ သမယေ၊ အခါ၌။ နာထော၊ မြတ်စွာဘုရားသည်။ မောဂ္ဂလ္လာနဉ္စ၊ မောဂ္ဂလ္လာန်မထေရ်ကိုလည်းကောင်း။ ကဿပဉ္စ၊ ကဿပမထေရ်ကို လည်းကောင်း။ ဂိလာနေ၊ နာကုန်သော။ ဒုက္ခိတေ၊ ဆင်းရဲကုန်သော။ တေ၊ ထိုမထေရ်တို့ကို။ ဒိသ္ဝာ၊ မြင်၍။ သတ္ထာ၊ ခုနစ်ပါးကုန်သော။ ဗောဇ္ဈင်္ဂေ၊ ဗောဇ္ဈင်တို့ကို။ ဒေသေသိ၊ ဟောတော်မူ၏။

၁၄၂။ တေစ၊ ထိုမထေရ်တို့သည်လည်း။ တံ၊ ထိုဟောတော်မူသော ဗောဇ္ဈင်တရားတော်ကို။ အဘိနန္ဒိတ္ဝာ၊ အလွန်နှစ်လို၍။ တခ်ဏေ၊ ထိုခဏ၌၊ ရောဂါ၊ အနာမှ။ မုစ္စိံသု၊ လွတ်ကုန်၏။ ဧတေန သစ္စဝဇ္ဇေန၊ ထိုသို့ မှန်သောစကားကဲ့ဆိုသဖြင့်။ သဗ္ဗဒါ၊ ခပ်သိမ်းသော အခါ၌။ တေ၊ သင်၏။ သောတ္ထိ၊ စီးပွားချမ်းသာ ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

၁၄၃။ ကေဒါ၊ တပါးသောအခါ၌။ ဓမ္မရာဇာပိ၊ တရာမင်း ဘုရားသည်လည်း။ ဂေလညေန၊ အနာသည်။ အဘိပီတော၊ လွန်စွာနှိပ်စက်အပ်သည် ဖြစ်၍။ စုန္ဒတ္ထေရေန၊ စုမထေရ်ကို။ တံ ယေဝ၊ ထိုဗောဇ္ဈင် ခုနစ်ပါး တရားကိုသာ

www.dhammadownload.com

လျှင်။ သာဒရံ၊ ရိုသေခြင်းနှင့်တကွ။ ဘဏာပေတ္ဝာ၊ ဟောစေလတ်၍။

၁၄၄။ သမ္မောဒိတ္ဝာ၊ နှစ်လိုတော် မူ၍။ ဌာနသော၊ ဟောသော ခဏ၌။ တမှာ အာဗာဓာ၊ ထိုအနာမှ။ ဝုဋ္ဌာသိ၊ ထတော်မူ၏။ ဧတေန သစ္စဝဇ္ဇေန၊ ထိုသို့ မှန်သောစကားကို ဆိုသဖြင့်။ သဗ္ဗဒါ၊ ခပ်သိမ်းသောအခါ၌။ တေ၊ သင်၏။ သောတ္ထိ၊ စီးပွားချမ်းသာသည်။ ဟောတု၊ ဖြစ်စေသတည်း။

၁၄၅။ တိဏ္ဏန္နမ်ိ၊ သုံးပါးလည်း ဖြစ်ကုန်ထသော။ မဟေသိနံ၊ မဟာဂကဿပမထေရ်, မောဂ္ဂလ္လာန်မထေရ် မြတ်စွာဘုရား တို့အား။ တေအာဗာဓာစ၊ ထိုအနာတို့သည်လည်း။ ပဟီနာ၊ ပျောက်ကုန်၏။မဂ္ဂဟတာ ကိလေသာဝ၊ မဂ်ဖြင့် ပယ်အပ်သော ကိုကေသာတို့ကဲ့သို့။ အနုပ္ပတ္တိဓမ္မတံ၊ တဖန်မဖြစ်ကောင်းသော သဘောသို့။ ပတ္တာဝ၊ ရောက်ကုန်သည်သာတည်း။ ဧတေန သစ္စဝဇ္ဇေဝ၊ ထိုသို့ မှန်သောစကားကို ဆိုသဖြင့်။ သဗ္ဗဒါ၊ ခပ်သိမ်းသော အခါ၌။ တေ၊ သင်၏။ သောတ္ထိ၊ စီးပွားချမ်းသာသည်။ ဟောတု၊ ဖြစ်စေသတည်း။

ဗောဇ္ဈင်္ဂသုတ်၊ ဗောဇ္ဈင်သုတ် ပရိတ်တော်သည်။

နိဋ္ဌိတံ၊ ပြီး၏။

www.dhammadownload.com

ပုဗ္ဗဏှသုတ်အနက်

၁၄၆-၇-၈။ ယံဒုန္နိမိတ္တာဒ္ဒ၊ အကြင်မကောင်းသော နိမိတ် သည်လည်းကောင်း။ ယံ အဝမင်္ဂလာဒ္ဒ၊ အကြင် မကောင်းသော အမှင်္ဂလာသည်လည်းကောင်း။ သကုဏသဒ္ဒဂဟ်၏။ အမနာပေါ၊ မနှစ်လိုဖွယ်သော။ ယော သဒ္ဒေါစ၊ အကြင် အသံသည် လည်း ကောင်း။ ယောပါပကဟောစ၊ အကြင် မကောင်းသော ကြိုဟ် သည်လည်းကောင်း။ အကန္တံ၊ မနှစ်လိုဖွယ်သော။ ယံဒုဿုပိနာဒ္ဒ၊ အကြင် မကောင်းသော အိပ်မက်သည် လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တေဒုန္နိမိတ္တာဒယော၊ ထိုမကောင်းသော နိမိတ် အစရှိ သည်တို့သည်။ ဗုဒ္ဓါနုဘာဝေန၊ မြတ်စွာဘုရား၏ အာနုဘော် ကြောင့်။ ဓမ္မာနုဘာဝေန၊ တရားတော်၏အာနုဘော်ကြောင့်။ သံဃာနုဘာဝေန၊ သံဃာတော်၏အာနုဘော်ကြောင့်။ ဝိနာသံ၊ ပျက်စီးခြင်းသို့။ ဂန္ဆန္တု၊ ရောက်စေကုန်သတည်း။

၁၄၉။ ဒုက္ခ-ပတ္တာဒ၊ ဆင်းရဲခြင်းသို့ ရောက်ကုန်သော။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ပါဏိနော၊ သတ္တဝါ တို့သည်။ နိဒ္ဒုက္ခာဝစ၊ ဆင်းရဲမရှိကုန်သည်လည်း။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ ဘယပတ္တာ၊ ဘေးသို့ ရောက်ကုန်သော။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ပါဏိနော၊ သတ္တဝါ တို့သည်။ နိဗ္ဘယာစ၊ ဘေး မရှိကုန်သည်လည်း။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ သောကပတ္တာ၊ စိုးရိမ်ခြင်းသို့ ရောက် ကုန်သော။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ပါဏိ

www.dhammadownload.com

နော၊ သတ္တပဝါတို့သည်။ နိဿောကာစ၊ စိုးရိမ်ခြင်း မရှိကြကုန်သည်လည်း။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။

၁၅၀။ တွောဝတာစ၊ ဤမျှလောက်သော အစဉ်သဖြင့်။ အမှေ့ဟိ၊ ငါတို့သည်။ သမ္ဘတံ၊ ဆည်းပူးအပ်သော။ ပုညသမ္ပဒံ ကောင်းမှု၏ ပြည့်စုံခြင်းကို။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဒေဝါ၊ နတ်တို့သည်။ အနုမောဒန္တု၊ ဝမ်းမြောက်စေကုန်သတည်း။ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ၊ ခပ်သိမ်းသော စည်းစိမ်၏ ပြီးခြင်းငှာ။

၁၅၁။ သဒ္ဓါယ၊ ယုံကြည်သဖြင့်။ ဒါနံ၊ အလှူကို။ ဒဒန္တု၊ ပေးစေကုန်သတည်း။ သဗ္ဗဒါ၊ ခပ်သိမ်းသော အခါ၌။ သီလံ၊ သီတင်းကို။ ရက္ခန္တု၊ စောင့်စေကုန်သတည်း။ ဘာဝနာ ဘိရတာ၊ ကမ္မဋ္ဌာန်း စီးပြန်းခြင်း၌ အလွန်မွေ့လျော်ကုန်သည်။ ဟောန္တု ဖြစ်စေကုန်သတည်း။ အာဂတာ၊ တရားနာအံ့သောငှာလာကုန်သော။ ဒေဝါ၊ နတ်တို့သည်။ ဂစ္ဆန္တု၊ သွားကုန်လော။

၁၅၂။ ဇလပတ္တာ အားဆယ်ပါးသို့ ရောက်ကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဗုဒ္ဓါစ၊ မြတ်စွာဘုရားတို့၏ လည်းကောင်း။ ပစ္စေကာနုဗ္ဗု၊ ပစ္စေကဗုဒ္ဓါတို့၏ လည်းကောင်း။ အရဟန္တောနုဗ္ဗု၊ ရဟန္တာတို့၏လည်းကောင်း။ ယံဗလံ၊ အကြင် ဉာဏ်ဗလသည်။ အတ္ထိ၊ ရှိ၏။ တဿဉ္စာဘဗလဿ၊ ထိုဉာဏဗလ၏။ တေဇေန၊ တန်ခိုးဖြင့်။ သဗ္ဗသော၊ ထက်ဝန်းကျင်သော အမှပ်မှ။ ရက္ခံ၊ အစောင့်အရှောက်ကို။ ဗန္ဓာမိ၊ ဖွဲ့ပါ၏။

www.dhammadownload.com

၁၅၃-၄-၅။ ဣဓမဝါ၊ ဤလူ့ပြည်၌လည်းကောင်း။ ဟုရံဝါ၊ နဂါးပြည်, ဂဠုန်ပြည်၌ လည်းကောင်း။ သဂ္ဂေသုဝါ၊ နတ်ပြည်တို့၌လည်းကောင်း။ ယံကိဉ္စိ၊ အမှတ်မရှိသော။ ဝိတ္တံ၊ နှစ်သက်အပ်သော။ ပဏီတံ၊ တောင့်တအပ်သော။ ယံရတနံ၊ အကြင် ရတနာသည်။အတ္ထိ၊ ရှိ၏။ တံရတနံ၊ ထို ရတနာသည်။ တထာဂတေန၊ မြတ်စွာဘုရားနှင့်။ သမံ၊တူသော ရတနာသည်။ နနော အတ္ထိ၊ မရှိသည်သာလျှင်ကတည်း။ ဗုဒ္ဓေ-ဗုဒ္ဓဿ၊မြတ်စွာဘုရား၏။ ဓမ္မေ-ဓမ္မဿ၊ တရားတော်၏။ သံဃေ-သံဃဿ၊ သံဃာတော်၏။ဣဒမ်ပိ ရတနံ-အယမ်ပိ ရတနာဘာဝေါ၊ ဤရတနာ၏ အဖြစ်သည်လည်း။ ပဏီတံ-ပဏီတော၊ မြတ်၏။ ဧတေန သစ္စေန၊ ဤသို့သော သစ္စာကြောင့်။ ပါဏိနံ၊ သတ္တဝါတို့အား။ သုဝတ္ထိ၊ ကောင်းသော စီးပွားချမ်းသာသည်။ ဟောတု၊ ဖြစ်စေသတည်း။

၁၅၆-၇-၈။ တေ၊ သင့်အား။သဗ္ဗမင်္ဂလံ၊ ခပ်သိမ်းသော မင်္ဂလာသည်။ဘဝတု၊ ဖြစ်စေသတည်း။ သဗ္ဗဒေဝတာ၊ ခပ်သိမ်းသော နတ်တို့သည်။ တံ၊ သင့်ကို။ ရက္ခန္တု၊ စောင့်စေကုန်သတည်း။ သဗ္ဗဗုဒ္ဓါနုဘာဝေန၊ ခပ်သိမ်းကုန်သော မြတ်စွာဘုရားတို့၏ အနုဘော်တော်ကြောင့်။ သဗ္ဗဓမ္မာ နုဘာဝေန၊ ခပ်သိမ်းကုန်သော တရားတော်တို့၏ အာနုဘော်တော်ကြောင့်။ သဗ္ဗသံဃာနုဘာဝေန၊ ခပ်သိမ်းသော သံဃာတော်တို့၏ အာနုဘော်တော်ကြောင့်။သဒါ၊အခါခပ်သိမ်း။တေ၊သင့်အား။သုခီ၊ ချမ်းသာခြင်းတို့သည်။ ဘဝန္တု၊ ဖြစ်စေကုန်သတည်း။ (နှစ်ဂါထာကား။မမွာ နုဘာဝေန၊သံဃာ နုဘာဝေန,သာထူးသည်)။

www.dhammadownload.com

၁၅၉။ မဟာကာရုဏိကော၊ မြတ်သောကရုဏာနှင့် ယှဉ်ထသော။ တနည်းကား-မျှားသော ကရုဏာနှင့် ယှဉ်ထသော။ နာထော၊ မြတ်စွာဘုရားသည်။ သဗ္ဗပါဏိနံ၊ ခပ်သိမ်းသော သတ္တဝါတို့၏။ ဟိတာယ၊ အစီးအပွား အလိုဌာ။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ ပါရမီ၊ ဆယ်ပါးသော ပါရမီတို့ကို။ ပူရေတွာ၊ ဖြည့်တော်မူ၍။ ဥတ္တမံ၊ မြတ်စွာသော။ သမ္မာဓိံ၊ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်သို့။ပတ္တော၊ ရောက်တော်မူပြီ။ ဧတေန သစ္စဝဇ္ဇေန၊ ထိုသို့ မှန်တန်သော စကားကို ဆိုခြင်းကြောင့်။ တေ၊ သင်၏။ သောတ္ထိ၊ စီးပွားချမ်းသာသည်။ ဟောတု၊ ဖြစ်စေသတည်း။

၁၆၀။ သက္ကာနံ၊ သာကီဝင်မင်းတို့၏။ နန္ဒိဝုဗ္ဗုနော၊ နှစ်လိုခြင်းကိုပွားစေတတ်သောမြတ်စွာဘုရားသည်။ ဗောဓိယာ၊ ဗောဓိပင်၏။ မူလေ၊ အရင်း၌။ဇယသေ္ဋာဃာတထာ၊ မာရ်ငါးပါးကိုအောင်တော်မူလေသကဲ့သို့။ဧဝမေဝ၊ထိုအတူလည်းကောင်း။ ဇယော၊ အောင်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ ဇယမင်္ဂလေ၊ အောင်အပ်သော မင်္ဂလာ၌။တဝ၊သင့်အား။ ဇယသု၊ အောင်စေသတည်း။

၁၆၁။ သက္ကာနံ၊ သာကီဝင်မင်းတို့၏။ နန္ဒိဝုဗ္ဗုနော၊ နှစ်လိုခြင်းကိုပွားစေတတ်သောမြတ်စွာဘုရားသည်။ ဗောဓိယာ၊ ဗောဓိပင်၏။ မူလေ၊ အရင်း၌။ဇယန္တော၊ယထာ၊ မာရ်ငါးပါးကိုအောင်တော်မူလေသကဲ့သို့။ဧဝမေဝ၊ထိုအတူလည်းကောင်း။ ဇယော၊ အောင်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ ဇယမင်္ဂလေ၊ အောင်အပ်သော မင်္ဂလာ၌။တဝ၊သင့်အား။ ဇယသု၊ အောင်စေသတည်း။

၁၆၂။ သဗ္ဗဗုဒ္ဓါနံ၊ ခပ်သိမ်းသော မြတ်စွာဘုရားတို့၏။ အာဘိသေကော၊ ဗုဒ္ဓဲဘိသေက မင်္ဂလာကို ခံယူရာ ဖြစ်ထသော။ ပုထုဝိပုက္ခလေ၊ မြေပြင်၌ အထူးတင့်တယ်ထသော။ သိသေ၊ မြေပြင်၌ ဦးထိပ်လည်း ဖြစ်ထသော။ အပရာဇိတပလ္လင်္ကေ၊ မာရ်ငါးပါးကို အောင်မြင်သော ပလ္လင်တော်၌။ အဂ္ဂပတ္တော၊

www.dhammadownload.com

လူ သုံးပါးတို့ထက် မြတ်သော သဗ္ဗညုတဉာဏ် ကျေးဇူးသို့ ရောက်တော်မူသော မြတ်စွာဘုရားသည်။ ပမောဒတိ၊ ဝမ်း မြောက်သော်မူ၏။

၁၆၂။ ဧဝံ၊ ဤအတူလည်းကောင်း။ တဝ၊ သင့်အား။ သုနက္ခတ္တံ၊ ကောင်းသော နက္ခတ်သည်။ ဟောတု၊ ဖြစ်စေသတည်း။ သုမင်္ဂလံ၊ ကောင်းသော မင်္ဂလာသည်။ ဟောတု၊ ဖြစ်စေသတည်း။ သုပဘာတံ၊ ကောင်းစွာ မိုးသောက်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ သု-ဟုဋ္ဌိတံ၊ ကောင်းစွာ စီးပွားခြင်းလည်။ ဟောတု၊ ဖြစ်စေသတည်း။ သုခဏောစ၊ ကောင်းသော ခဏသည်လည်း။ ဟောတု၊ ဖြစ်စေသတည်း။ သုမုဟုတ္တောစ၊ ကောင်းသော မုဟုတ်သည်လည်း။ ဟောတု၊ ဖြစ်စေသတည်း။ ဗြဟ္မစာရိသု၊ မြတ်သောအကျင့်ကို ကျင့်သော သူတော်ကောင်းတို့၌။ သုယိဋ္ဌံ၊ ကောင်းစွာ ပူဇော်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

၁၆၃။ ပဒက္ခိဏံ၊ မြတ်သော၊ ကာယကမ္မံ၊ ကာယကံ သည်လည်းကောင်း။ ပဒက္ခိဏံ၊မြတ်သော။ ဝါစာကမ္မံ၊ ဝစီကံ သည်လည်းကောင်း။ ပဒက္ခိဏံ မြတ်သော။ မနောကမ္မံ၊မနောကံ သည်လည်းကောင်း။ ဟောတု၊ ဖြစ်စေသတည်း။ ပဒက္ခိဏော၊ မြတ်သော ကာယကံ, ဝစီကံ, မနောကံ၌။ တေ၊သင်၏။ပဏိဓိ ဆောက်တည်ခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

၁၆၄။ တေ၊ ထိုခပ်သိမ်းသော လူ, နတ်တို့သည်။ ပဒဂ် ဏာနိ၊ မြတ်သော အမှုတို့ကို။ ကတွာန၊ ပြု၍။ ပဒက္ခိဏော

www.dhammadownload.com

မြတ်ကုန်သော။ အတ္ထော၊ အကျိုးတို့ကို။ လဘန္တိ၊ ရကုန်၏။ အတ္ထလဒ္ဓါ၊ ရအပ်သော အကျိုးရှိကုန်သော။ တေ၊ ထိုသူတော်ကောင်းတို့သည်။ သုခိတာ၊ ချမ်းသာခြင်း ရှိကုန်သည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား သာသနာတော်၌။ ဝိရူဠှေ၊ ပြန့်ပွားခြင်းသို့ ရောက်ကုန်သည်။ သဗ္ဗေဟိ၊ ခပ်သိမ်းကုန်သော။ ဉာတိဘိ၊ အဆွေအမျိုးတို့နှင့်။ သဟ၊ တကွ။ အရောဂါ၊အနာကင်းကုန်သည်။ သုခိတာ၊ ချမ်းသာခြင်း ရှိကုန်သည်။ ဟောထ၊ ဖြစ်ကုန်လော။

ပုဗ္ဗဏ္ဟသုတ်၊ ပုဗ္ဗဏ္ဟသုတ်သည်။
နိဋ္ဌိတံ၊ ပြီးပြီ။

ပရိတ်ကြီးအနက် ပြီးပြီ။

www.dhammadownload.com

၈-သိင်္ဂါလောဝါဒသုတ်ထွက်

ကျင့်ဝတ်

တလောကလုံး၊ ညွှတ်ရုံးဦးချ၊ နှိုင်းမမျှသား၊တရားရေစက်၊ ရောင်ပြိုးပြက်ကို၊ ဦးထက်တင်ထား၊ ရှိညွှတ်တွားချ၊ သားနှင့်မိဘ၊ တပည့်စုသည်၊ ပြုရအံ့ဝတ်၊ ချွတ်မှုပါယ်ရှာ၊ လားမည့်တာကြောင့်၊ သုတ်ပါဇေယျ၊ ကျမ်းဌာပြုသည်၊ လောကကျင့်ရာ၊ အကျဉ်းမှာပိမ့်။ ။နတ်ရှာဖို့လုံးလုံး၊ ကျက်ချသုံး။

သား:သမီးကျင့်ဝတ် ၎း:ပါး

ကျွေးမွေးမပျက်၊ ဆောင်ရွက်စိမံ၊ မွေခံထိုက်စေ၊ လှူမျှဝေချီ၊ စောင့်လေမျိုးနွယ်၊ ဝတ်၎းသွယ်၊ ကျင့်ဖွယ် သားတို့တာ။

မိဘကျင့်ဝတ် ၎၊ပါး

မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝန်ဦးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်၎းအင်။ ။ဖခင်မယ်တို့တာ။

တပည့်ကျင့်ဝတ် ၎၊ပါး

ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံ့ရွတ်၊ တပည့်ဝတ်။ မချွတ် ၎းခုသာ။

ဆရာ့ကျင့်ဝတ် ၎း:ပါး

အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီး ကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့။ ကျင့်ဖို့ဝတ်၎းဖြာ။

www.dhammadownload.com

လင့်ကျင့်ဝတ် ငါးပါး

မထေမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဂတ်စားဆင်ယင်၊ မြတ်နိုးကြင်။ ။ငါးအင် လင်ကျင့်ရာ။

မယားကျင့်ဝတ် ငါးပါး

အိမ်တွင်းမှလုပ်၊ သိမ်းထုပ်သေချာ၊ မိစ္ဆာကြဉ်ရှောင်၊ လျော်အောင်ဖြန့်ချီ၊ ပျင်းရိမမူ၊ ဝတ်ငါးဆူ။ ။အိမ်သူကျင့်အပ်စွာ။

မိတ်ဆွေကျင့်ဝတ် ငါးပါး

ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်၊ နှုတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊ ဝတ်ငါးထွေ။ ။ကျင့်လေမတာသဟာ။

သခင်ကျင့်ဝတ် ငါးပါး

ဝစ္ဆာကျေးမွေး၊ ပြုရေးစီရင် နာလျှင်ကုစေ၊ ငှဝေရသာ၊ အခါကိုလွှတ်၊ အရှင်ဝတ်။ မချွတ်ငါးခုသာ။

ကျွန်ကျင့်ဝတ် ငါးပါး

အိပ်သော်နောက်ကျ၊ ထသော်ကားရှေး၊ ပေးမှယူအပ်၊ စေ့စပ်ဆောင်ရွက်၊ ကျေးဇူးမြွက်။ ။ငါးချက်ကျွန်ကျင့်ရာ။

ဒါယကာကျင့်ဝတ် ငါးပါး

မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ကြင်၊ ခင်မင်နှုတ်ချို၊ လိုလျှင်ဖိတ်ထား၊ တတ်အားလှူစေ၊ ဝတ်ငါးထွေ။ ။ပြုလေဒါယကာ။

www.dhammadownload.com

ရဟန်းကျင့်ဝတ် ငါးပါး

မကောင်းမြစ်တာ၁၊ ကောင်းရာညွှန်လစ်၊ အသစ်ဟောကြူး၊ နာဖူးထပ်မံ၊ နတ်ထံတင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှု။ ။ ခြောက်ခု လွန်သေချေ။

ကျမ်းသိင်္ဂါလ၊ သုတ်ဝယ်ပြု၊ သုံးဝမြတ်ဆရာ။ ။ကျင့်ဝတ်မပြေ၊ ပါယ်လေးထွေ၊ လားလေရှည်မြင့်ကြာ။ ။ဤသည့်ဝတ်ကုန်၊ ဆွေမျိုးစုံ၊ ခြောက်ဘုံထက်နတ်ရှာ။ ။လှည်းဘီးပြင်က၊ နားစောင့်ချသို့၊ မိဘနှင့်သား၊ မယားနှင့်လင်၊ အရှင်နှင့်ကျွန်၊ ထေရ်မဉ်ဒကာ၊ မိတ်သဟာနှင့်၊ ဆရာတပည့်၊ တည့်တည့်မချတ်၊ကျင့်ဝတ်စုံလင်၊ ဖြူသန့်စင်မူ၊ ရှင်လည်းမကွေ၊ သေလည်းမကွာ၊ နတ်ရွာလူ့ပြည်၊ လှည့်လည်အတူ၊ ခံစားမှုရှိ၊ နိဗ္ဗာန်ရှေပြည်၊ ဝင်အံ့သည်တည့်၊ မတည်ကျင့်ဝတ်၊ချွတ်သူတို့မှာ၊ မလွတ်သာသည်။ ။လေးရွာဖို့လုံးလုံး လူဖြစ်ရှိုး။

ဥစ္စာပျက်ကြောင်း ခြောက်ပါး

သေစာသောက်စား၊ လမ်းသွားခါမဲ့၊ ရှုငဲ့သဘင်၊ ပျော်ရွှင်အန်လောင်း၊ မကောင်းမိတ်ဖျင်း၊ ပျင်းရိခြင်းကား။ ။ယိုယွင်းဥစ္စာ ပျက်ကြောင်းတည်း။

ဆင်းရဲသောက်ခြင်း အပြစ်ခြောက်ပါး

ဥစ္စာယုတ်ခြင်း၊ ငြင်းခုံမျှားစွာ၊ ရောဂါထူပြော၊ ကျော်စောမဲ့တုံ၊ မလုံအင်္ဂါ၊ ပညာနည်းရှား၊ ဤခြောက်ပါးကား၊ သောက်စားသေစာ အပြစ်တည်း။

www.dhammadownload.com

အခါမဲ့သွားလာခြင်း အပြစ်ခြောက်ပါး

ကိုယ့်သားမယား၊ တခြားဥစ္စာ၊ လုံရာမဲ့ရှောင်း၊ မကောင်းအရာ၊ ရှဲရှာလေအပ်၊ ယိုးစွပ်ရောက်မှု၊ ဆင်းရဲစု။ ။ခြောက်ခု ခါမဲ့ သွားပြစ်တည်း။

သဘင်ပွဲလမ်း အပြစ်ခြောက်ပါး

ကခြင်းတလီ၊ သီခြင်းတသီး၊ မှုတ်တီးတသင်း၊ ပြိန်ဖျင်းတအုပ်၊ လက်ခုပ်တတည်၊ အိုးစည်တဖြာ၊ ရှိရာရှာ၍၊ ဥစ္စာပျက်မှု၊ ဤခြောက်ခုကား။ ။ကြည့်ရှုသဘင် အပြစ်တည်း။

လောင်းကစားသူ အပြစ်ခြောက်ပါး

အောင်သူ ရန်ပွား၊ ရှုံးသားစိုးရိမ်၊ စည်းစိမ် လျော့ပါး၊ တရားသဘင်၊ မဝင်သက်သေ၊ မိတ်ဆွေနှိမ့်ဆို၊ မသိုထိမ်းမြား၊ ဤခြောက်ပါးကား။ ။ပျော်ပါးကြေအန် အပြစ်တည်း။

မိတ်ဆွေပျက် ခြောက်ပါး

ကြေအန်ကြူးထ၊မိန်းမကြူးထွေ၊သေစာကြူးမှု၊အတူပြူငြား၊ လှည့်စားတထောက်၊ မျက်မှောက်လှည့်ချက်၊ နှိုင်ထက်လုယူ၊ ဤသူခြောက်ပါး၊ မိတ်ဖြစ်လားကြောင့်။ ။ပျက်ပြား မိတ်ဆွေ အပြစ်တည်း။

ပျင်းရိခြင်း အပြစ်ခြောက်ပါး

အချမ်းပြင်းဝှန်၊ အလွန်ပူနိုး၊ မိုးချုပ်လှမော၊ စောလှလွန်းရောင်၊ ဆာလောင်ပြင်းပြ၊ ဝမ်းဝလွန်းထွေ၊ နေကပညာ၊ မပွားရာသည်။ ။ခြောက်ဖြာ ပျင်းသူအပြစ်တည်း။

www.dhammadownload.com

အကြီးအကဲကျင့်ဝတ် ခြောက်ပါး

ထက္ကနိုးကြား၊ သနား, သည်းခံ၊ ဝေဘန်, ကြည့်ရှု၊ ဤခြောက်ခုကား။ ။ကြီးသူ့ကျင့်ရာ တရားတည်း။

ကိုယ်ကျိုးသာငဲ့သော အဆွေခင်ပွန်းတုလေးယောက်

လက်ချည်းလာ၍၊ ဥစ္စာဆောင်သယ်၊ နည်းငယ်ဖြင့်သာ၊ မျှားစွာလိုရှိ၊ ဘေးထိရောက်ခါ၊ ပြုလာတုံဘိ၊ ဗိမိကျိုးငှာ၊ မှီလာပေါင်းယှဉ်၊ လေးယောက်စဉ်ကား။ ။အညဒတ္ထု ဟုရတည်း။

နှုတ်ဖြင့်သာ ဟန်ဆောင်သော အဆွေခင်ပွန်းတု လေးယောက်

ရွေဖြစ်စေ့စပ်၊ တထပ်နောက်မှီး၊ ချည်းဆီးသင်္ဂြိဟ်၊ ပေးလို့စဟန်၊ ပစ္စုပ္ပန်မူ၊ ပြည့်နှန်ပျက်ပြား၊ ဤလေးပါးကား၊ မှတ်သားဝစီ ပရမတည်း။

ချစ်ဖွယ်ကိုသာ ဆိုတတ်သော အဆွေခင်ပွန်းတု လေးယောက်

မကောင်းခွင့်ပြု၊ ကောင်းမှုကိုလျှင်၊ ဆင်ခြင်မရှု၊ ခွင့်ပြုသည်ပင်၊ ရွှေတွင်ချီးမွမ်း၊ ဖုံးလွှမ်းကွယ်လျှင်၊ ကဲ့ရဲ့ချင်သည်၊ လေးအင် ပိယဘာဏီတည်း။

ကျေးဇူးရွက်ဆောင်သော အဆွေခင်ပွန်းစစ် လေးယောက်

မေ့လျော့စောင့်လာ၊ ဥစ္စာ စောင့်ရှောက်၊ ဘေးရောက်ကိုးကွယ်၊ ပြုဘွယ်ရှိက၊ နှစ်ဆဥစ္စာ၊ ပေးချေလာသည်။ ။ လေးဖြာ ဥပကာရတည်း။

www.dhammadownload.com

ဆင်းရဲမကွာ ချမ်းသာမပစ်သော အဆုံခင်ပွန်းစစ် လေးယောက်

လျှို့ဝှက်စကား၊ ကြားစေတုံလျက်၊ သူလျှိုဝှက်၍၊ ဘေး တွေ့မစွန့်၊ မတွန့်တိုပါ၊ သူ့ကိုညှာလျက်၊ကိုယ့်သက်စွန့်မြောက်၊ ဤလေးယောက်ကား။ ။မျှလောက်ချမ်းသာ ဆင်းရဲတည်း။

အကျိုးစီးပွားကို ပြောကြားတတ်သော အဆုံခင်ပွန်းစစ် လေးယောက်

မကောင်း မြစ်တာ၊ ဒုကောင်းရာ သွင်းထား၊ မကြား စတောင်း၊ အကြောင်းကြားလာ၊ နတ်ရွာလမ်းပြ၊ ဤလေးဝ ကား။ ။မည်ရအတ္ထကွာယီတည်း။

အစဉ်သနားတတ်သော အဆုံခင်ပွန်းစစ် လေးယောက်

ဥစ္စာခမ်းနား၊ မပွားသမျှို၊ မနှစ်လို့ငြား၊ ပွားကရှင်မြူး၊ ကျေးဇူးမဲ့ကို၊ ဆိုသော်တား မြစ်၊ ကျေးဇူးဖြစ်ကို၊ ဆိုသော်ချီး မွမ်း၊ သူတို့တမ်းကား။ ။မိတ်ကျမ်းအနုကမ္မတည်း။

အလေးအမြတ်ဖြူအပ်သော အရပ်ခြောက်မျက်နှာ

အရှေ့မိဘ၊ တောင်မှဆရာ၊ နောက်မှာမယား၊ မြောက်ကား မိတ်ဆွေ၊အောက်ခြေကျွန်များ၊အထက်ဖျားကား။ ။ပုဏ္ဏား ရဟန်း ခြောက်ရပ်တည်း။

ပျက်စီးလွယ်သော လူ့လေးယောက်

သောက်တုတ် သေရက်၊ ညဉ့်နက်လမ်းသွား၊ ရှုစားသဘင်၊ ပျော်ရွှင်အန်စာ၊ လေးရပ်မှာပင်၊ တကွထင်သည်။ ။လေး အင်ပါယသဟဲတည်း။

www.dhammadownload.com

အလောင်းအလျာတို့ အလိုတော်ခြောက်ပါး

လောဘ, ဒေါသ၊ မောဟကင်းလို့၊ တောခိုတဖြာ၊ ဆိတ်ရာ ငြိမ်သက်၊ ဝင်္ဆမ့်ထွက်။ ။ခြောက်ချက်လောင်းလျာ လိုတော် တည်း။

မပြတ်ဆင်ခြင်ရာသော တရားငါးပါး

အိုခြင်းတဖြာ၊ နာခြင်းတထွေ၊ သေခြင်းတခြား၊ ကဲ့ပြား တတန်၊ ကံလျှင်ဥစ္စာ၊ ဤငါးဖြာကို၊ မကွာနေ့ည၊ ဉာဏ်သက် ဝင်၍ ဆင်ခြင်ကြ။

အကျိုးဆောင်သော တရားငါးပါး

သေခြင်းတပါး၊ ဤတရားကား၊ စီး ပွား မြား မြောင် အကျိုးဆောင်သည်။ ။အိုအောင်အောက်မေ့ စီးဖြန်းကြ။

သိင်္ဂါလောဝါဒသုတ်ထွက် ကျင့်ဝတ်ပြီး၏။

၉-ရှင်မဟာသီလဝံသဆိုးမခန်း

၁။ တိလောကဟု၊ မရန္တိုင်းတူ၊ ဖက်မပြူသည်၊ သုံးဆူ ရတနာ၊ မာတာပိတာ၊ ဆရာစသား၊ အရှင်များကို၊ ပြစ်မှား မဆို၊ ရှိသေကြစေ၊ သာမဏေက၊ သူငယ်စသား၊ တပည့်များ တို့၊ မှတ်သားကြပ်ကြပ်၊ မပြတ်သို့ပင်၊ ဆုံးမသင်သည်၊ ဝမ်း တွင် အမြဲသွတ်။

၂။ ဂယောက် ဂယက်၊ ကျက်ကျက် ပျောက်ပျောက်၊ စား သောက်အိပ်နေ၊ မရှိစေနှင့်၊ သေသေသပ်သပ်၊ စိတ်ယူစွဲ၍၊ အမြဲမှတ်။

www.dhammadownload.com

၃။ ဆရာသမား၊ မိဖအား၊ နို့ကြားမပြတ်၊ မျက်သစ်ဒန်ပူ၊ လုံ့လကူသည်။ ယူ၍မပြတ် နေထိုင်းကပ်။

၄။ ဘုရားခြေရင်း၊ ကျောင်းတလင်းတွင်၊ မျက်သစ်ပင်ကို၊ မြင်လျှင်မဖယ်၊ မတ်ဝင်တယ်သော်၊ လှည်ဖယ်မပြတ် တံမြက်ခတ်။

၅။ သုံးဆောင်ရေနှင့်၊ သောက်ရေအိုးတွင်၊ ရေနည်းမြင်သော်၊ ခေါင်းညိုညှတ် သွားချခပ်။

၆။ ရေခပ်သွားလည်း၊ ကစားချသာ မနေနှင့်၊ ကစားချသာ၊ ရေမှာကြာသော်၊ သဲဒဏ်, ရေဒဏ်၊ ပေးရမှန်သည်၊ ခံမည်သာကြံလော မင်းတို့ကျော်။

၇။ နေညဉ့်နံနက်၊ ကိန်းစက်မွေ့ရာ၊ သင်ဖြူးဖျာကို၊ ခင်းကာယူငြား၊ ခေါက်သွင်းထား။

၈။ သက်နှံးသပိတ်၊ ပရိက္ခရာ၊ ကြွသွားခါသော်၊ ယူရာသည်မျှား ပြင်ချထား။

၉။ ခရီးပန်းပင်၊ လာသည်မြင်သော်၊ အလျင်လှမ်းယူ၊ ဝတ်သက်နှံးကို၊ ချွေးစွန်းမူကား၊ နေပူဖြန့်လှား သွင်းခေါက်ထား။

၁၀။ ရေချမ်းကပ်လျက်၊ ခြေလက်ဆုပ်နယ်၊ မှုကြီးငယ်သို့၊ လှဲဖယ်မသွား၊ ယပ်လေခပ်၍ နေထိုင်။

၁၁။ ရိုင်းစိုင်းနှီးကပ်၊ မဲကိုင်းညှတ်ပဲ၊ မတ်တတ်တိုး၍ မသွားနှင့်။

www.dhammadownload.com

၁၃။ စားဖွယ်စားရာ၊ ကပ်သောခဲလည်း၊ ချဉ်းလာနီးစေ၊ ခြေစုံနေ၍၊ ရိုသေကိုင်းညွတ် ချဉ်းကပ်။

၁၄။ ဘုဉ်းပေးဆိုတန်း၊ ရဟန်းတို့အား၊ စားမည်လား ဟု၊ စကားသည့်နှယ် မမေးနှင့်။

၁၅။ မိဉီး, ဖဉီး၊ ဆရာ့ဉီးကို၊ ခူး၍အလျင် မစားနှင့်။

၁၆။ မိဘဆရာ၊ ထားသည့်ဟာကို၊ မျက်နှာကွယ်လျှင်၊ မယူငင်နှင့်၊ လိုချင်သောအား၊ စားချင်ငြားက၊ ဝပ်တွားခယ တောင်းပါကြ။

၁၇။ သပိတ်, ဆွမ်းခွက်၊ ဆောင်ရွက်မပြတ်၊ ဆွမ်းဟင်း ဗျတ်ကို၊ ပွတ်တုံညစ်ကြေး၊ မြူမွှေးမတင် စင်အောင်ဆေး။

၁၈။ ကျောင်းတွင်, အိမ်တွင်၊ မသန့်စင်၍၊ မြင်သည်ရှိသော်၊ ယူငင်သိမ်းဆည်း၊ အထည်းသိုငြား၊ ကောင်းကောင်းထား။

၁၉။ အမှုနည်းများ၊ ခန့်ထားရှိသော်၊ တာဝန်းခေါ်က၊ ကြားသော်ခဏ ချဉ်းကပ်ကြ။

၂၀။ ကိစ္စရှိငြား၊ သွားချင်သည်များ၊ လျင်လျားခဏ၊ လာပါကြ။

၂၁။ ဖျားနာကျောင်းတွင်၊ ရှိခဲ့လျှင်သော်၊ ကြင်ကြင်နာနာ၊ ညီညာဖြဖြ၊ ဆေးဝါးပေး၍ လုပ်ကျေးကြ။

၂၂။ သီတင်းသုံးချင်း၊ ချစ်ဟုံပြင်းသည်၊ ပဉ္စင်းနှင့်ရှင်၊ ညီသွင်အစ်ကို၊ လွန်ကြည်ညိုသည်၊ ငါတို့အဖ မှတ်ပါကြ။

၂၃။ အသက်ကြီး, ငယ်၊ ဝါကြီး, ငယ်ကို၊ လွဲဖယ်မသွေ့ နှိမ့်ချလေ။

www.dhammadownload.com

၂၄။ ရိုသေတုပ်ကွ၊ ဆည်းကပ်ကြလျက်၊ နေ့,ညကြည်ဖြူ၊ နည်းခံယူ၍၊ ကြီးသူခေါ်က၊ ကြွကြွလည်းလာ၊ ဗျာဗျာကျွန်ုပ်၊ ပုဆစ်တုပ်လျက်၊ ဖုံးအုပ် ခြေ, လက်၊ လွန်ငြိမ် သက် သည်၊ ကျောင်းထွက်သူပေ ဆိုရစေ။

၂၅။ တရားပေစာ၊ဟောသောခါလည်း၊ နှုတ်မှာမစောင့်၊ တထောင့်စကား၊ တ ဟား ဟား သည်၊ ရိုင်းကားမိုက် မဲ မပြောနှင့်။

၂၆။ လူဖွယ်ဒါန်းဖွယ်၊ ကြီး,ငယ်တည့်တည်၊ ရောက်လာသည်ကို၊ လှယ်ကာခဏာ၊ သူ့ခွက်ယောက်ကို၊ မပျောက်နေ့,ည ပေးလိုက်ကြ။

၂၇။ ကွမ်း,ဆေး,မီးလျှင်၊ ညှော့သည်မြင်သော်၊ အလျှင်ခဏာ၊ တည်ပါကြ။ ။(ဘုန်းကြီးရဟန်း ပယောဂမပါစေရ)။

၂၈။ မင်းသွား-ငါသွား၊ ငြင်းခုံပုဏ္ဏား အောင်၊ စကားတောက်ဆတ် မဆိုအပ်။

၂၉။ မပြတ်မချာ၊ သူလည်းလာ၍၊ ငါ၏ထံပါး၊ ငစဉ်းရ၍ နေပါကြ။

၃၀။ ရဟန်းသင်္ဃာ၊ တည်းခိုလာသော်၊ သင့်ရာအထူး၊ ဖျာသင်ဖြူးနှင့်၊ လာ၍ဖြဖြ ခင်းကုန်ကြ။

၃၁။ ပရိသတ်လည်း၊ မပြတ်ကျောင်းတွင်၊ ရှိလျှင်တထွေ၊ မြဲအောင်နေ။ ။တ ပြည့်, တ ရှာ၊ သွား သော ခါ လည်း၊ ညီညာလျောက်ပတ်၊ လက်ကတော့ကို၊ ကောင်း ကောင်း ထိုး ကုန်လတ်။

www.dhammadownload.com

၃၂။ မလျှပ်မပေါ်၊ ခေါ်လျှင်လည်းရ၊ ထင်ကြွမှေသိမ်၊ ကွန်ခြေနှင့်၊ ငြိမ်ငြိမ်နေဘိ၊ မျက်စိမငြိမ်း၊ နားမငြိမ်းသည်၊ ဟိန်းဟဲ့ မဆိုရကေနှင့်။

၃၃။ မျက်မှောက်ကောင်းငြား၊ ပြင်တပါးမှာ၊ တခြားမကျင့်ကြလေနှင့်။

၃၄။ မတင့်တယ်ငြား၊ ရန်စကားဖြင့်၊ ထွေပြားပွေလီ၊ တစီစီနှင့်၊ တဟီဟီသည်၊ ကျီစားချိလည်း မနေနှင့်။

၃၅။ ဟီနနတ္ထ၊ မဆဲကြနှင့် ကြီးက-ငယ်သည်၊ နင်ဟယ် ကိုမျှ၊ မဆိုကြနှင့်၊ ရန်စချုပ်ချည်၊ ရှောင်လွဲဖည်ချ၊ သတ်မည် ကိုထား၊ လက်ဖျားနှင့်မျှ၊ မတို့ကြနှင့်၊ ချစ်ခင်ရိုသေ၊ အချင်းချင်းကို၊ သင့်တတ်စေဟု၊ မအော, ဖရင်း၊ တဝမ်းတွင်းသို့၊ သားရင်းတူကဲ့ မှတ်ကုန်ကြ။

၃၆။ သင်္ကန်းအဝတ်၊ ချွတ်ထားပစ်လေ၊ မရှိသေချ၊ ကလေကဝ၊ စုတ်ရှလတ်လည်း၊ သူ့အဝတ်ကို မဝတ်နှင့်။

၃၇။ တယောက်ကိစ္စ၊ ကိုင်တွယ်ကြသော်၊ ခြေကြွလက်သာ၊ မနေရာသည်၊ တတ်ပါသမျှ ညီညာကြ။

၃၈။ ဆရာ့နေခင်း၊ အင်းပျဉ် ညောင်စောင်း၊ လည်းလျောင်းဘုံလျှို၊ ထိုထိုထက်မှာ၊ မနေရာသည်၊ မြင့်ရာမသင့် မထိုင်နှင့်။

၃၉။ ရွေကစူးစူး၊ ဒူး,လက်ကိုထောင်၊ထိုင်ဆောင့်ကြောင်နှင့်၊ ပေါင်ထောင် လက်ကား၊ အပါးကြပ်ကြပ် မနေအပ်။

၄၀။ ရှင်နှင့်သူငယ်၊ သောက်ရေအိုးကို၊ တခြားတယ်၊ ဆုံးဖွယ်မသင့်၊ ကျောင်းဦးရေကို မသေးက်နှင့်။

www.dhammadownload.com

၄၁။ ကြီးသားငယ်သူ၊ ရှင်လူကစ၊ ဟူသမျှလည်း၊ မိဘဆရာ၊ ဘယ်မှာမမှတ်၊ ယုတ်မြတ်မသိ၊ ကျိုးမရှိပဲ၊ မိုက်ကိုသာ၊ ထောမနာလျက်၊ ဆထက်လွန်စွာ၊ တို့သူငါကို၊ မပါမည်ထား၊ ဘယ်ခဲ့ညားဟု၊ တုတုပပ၊ ပြစ်မှားကြလျှင်၊ မိဒဏ်, ဖဒဏ်၊ ဆရာ့ဒဏ်ကို၊ ခံရလိမ့်မည် မယွင်းခွ။

၄၂။ ရဟန်းသဃ်ာ၊ အရိယာကို၊ လူ, သာမဏေတို့၊ ကြိုကြို ငဲ့ငဲ့၊ ကဲ့ရဲ့ကျိစား၊ လှည့်စားမပြု၊ တုဖက်မဆို၊ ရိုသေကြစေ၊ မြေပေး-မြေဟောက်၊ မထိစောက်သို့၊ ရှိုက်ကြောက်စေ။

၄၃။ မေ့တော့, ဓာတ်တော်၊ ရုပ်တုတော်ကို၊ ဖူးမျှော်မပြတ်၊ ရှေကျောင်းဦးမှာ၊ ဖြည့်ကြဝတ်တက်၊ နံနက်မိုးသောက်၊ ချိန်ခါရောက်သော်၊ ဝတ်လျောက်မပြတ်၊ လက်အုပ်တင်ထား၊ ဘုရား, တရား, သံဃာ၊ ရတနာသုံးပါး၊ ဂုဏ်တော်များကို၊ ကြိုးစားလုံ့လ ဆောက်တည်ကြ။

၄၄။ ငါကားသည်စာ၊ သည်ဂါထာကို၊ မြဲစွာကြပ်မတ်၊ ဆရာအပ်သော်၊ တတ်လှစေချင်၊ ငါ့ကိုသင်ဟု၊ ထိပ်တင်လည်းရက်၊ လျင်လျင်ရအောင် ကြိုးစားကျက်။

၄၅။ အချိန်တန်၍၊ စာအံဆိုလျှင်၊ မဏ္ဍင်မျက်နှာ၊ မသာမချို၊ ထိုထိုအကြံ၊ ကြီးစွာဖန်၍၊ မအံတခါ၊ အံတခါနှင့်၊ မျက်နှာဒဏ်ပါး၊ စာတခြားလည်း၊ စကားပြောဟော၊ တသောသောသည်၊ ရယ်မောချလည်း မနေနှင့်။

၄၆။ မပြတ်အာသံ၊ တည်ညံသည်၊ စာအံစာဖတ်၊ ကြပ်ကြပ်မြဲမြဲ၊ သည်, လည်း, ညသတ်၊ ပြတ်ပြတ်သားသား၊ စကားဆိုထွေ၊ ပီလှစေ။

www.dhammadownload.com

၄၇။ သင်ပုန်းထန်းရွက်၊ ပေကျော်စီကာ၊ ကျောသေဝါ
လည်း၊ အကွာရာကို၊ သေချာလှစေ၊ စာလုံးကိုလည်း လှလှလေးစေ။

၄၈။ မပျင်းမရိ၊ လုံ့လရှိ၍၊ သတိအထဲ၊ အရိုးစွဲအောင်၊
တဖောင်ဖောင်လျှင်၊ သန်းကောင်ညဉ့်နက်၊ သင်ကျက်သမျှ၊
စစကုန်စေ၊ နေ့ကိုမလွတ် ရွတ်နိုင်စေ။

၄၉။ ရဟန်းမောင်ရှင်၊ သူငယ်သွင်သို့၊မသင်မရွတ်၊မတတ်
စာပေ၊ မရေမရာ၊ နေ့သာကုန်ငြား၊ ရက်သာများအောင်၊
စကားဖောင်ဖွဲ့၊ တုံ့လုံ့ကျက်ပွား၊ စကားပြောဟော၊ ဘဲသော
သောသည်၊ ရယ်မောချိလည်း မံနေနှင့်။

၅၀။ တယောက်ဘခြား၊ စကားမဆို၊ ကိုယ်စီ ကိုယ်ငး
သင်ပုန်းပေမှာ၊ လက်မကွာအောင် စာရေးကြ။

၅၁။ နားပန်းဆံနှင့်၊နောက်ဆံလည်းထား၊ဖြူထွားခေါင်း
ပေါင်း၊ နားခွောင် ဘတ်ကာ၊ ပန်းပန်ကာနှင့်၊ သီကားမြူး
ရှင်၊ ရှေ့ဆွေဆင်၍၊ သင်တို့သည်နှယ် မကျင့်နှင့်။

၅၂။ သက်န်းမှာလဲ၊ ပိန္ဒဲအပြင်၊ လှစေချင်၍၊ လွင်လင်
ပာ ပြုကြမသင့်၊ နှန်းထိုးနှင့်၊ တိန်ညက်ဆိုးကို မဝတ်နှင့်။

၅၃။ ဒသသီဆယ်ပါး၊ ဘုရားမုခပါဠ်၊ ရှင်ကျင့်ဝတ်ကို၊
စောင့်ကြမြဲထွေ ညီလှစေ။

၅၄။ ရှေး ဆရာ မှန်၊ သီလဝံသ၊ ဆေရာဂ္ဂ၏၊ နှံမျှ
အကျော်၊ မိန့်တော်နှုတ်ထွက်၊ ဆုံးမချက်ကို၊ သက်သက် သာ
သာ၊ ပါဠိဂါထာနှင့်၊ လက်ာမဟုတ်၊ ကျမ်းရိုးထုတ်ကို၊ နှုတ်
ဖြင့်မှတ်မည်၊ ခက်လှသည်ကြောင့်၊ ရမည်မှန်စွာ၊ လွယ်ပါ

www.dhammadownload.com

စေကြောင်။ စိတ်ဖြင့်ကြံ၍၊ ဉာဏ်ဖြင့်လောင်းသည်၊ ကောင်း ကောင်း ကျက်မှတ်ကြလေကုန်။

၅၅။ ဗဟုဿုတ၊ တတ်ပချင်လျှင်၊ သင်သာခိုက်ကို သင် ထိုက်ကြ။

၅၆။ သို့ပင်တစေ၊ မနေရသာ၊ ကျောင်းက ခွာသော်၊ နောင်ခါ နောင်တ ရှိတတ်စ္ဒ။

၅၇။ အတတ်ပညာ၊ တတ်မှ သာလျှင်၊ ကျောင်းမှာ နေ ကျိုး နပ်မည်ပ။

၅၈။ ဆုံးမစကား၊ ဆိုသည်မျှားကို၊ မှတ်သား၀မ်းထဲ၊ စိတ်မစဲလျှင်၊ သဲဒဏ်, ရေဒဏ်၊ ပေးရမှန်သည်၊ ခံမည်သာကြံ လော မင်းတို့ကျော။

၅၉။ ယခုအခါ၊ သာသနာမူ၊လူဖြစ်မည်မျှ၊ရခဲလှ၏၊ လူမှ သာမကော၊ ဖြစ်ပေမြတ်ခြင်း၊ ပဉ္စင်းသဃ်ာ၊ ဖြစ်ပြန်ပါမူ၊ ဆိုရာမရှိ၊ မြတ်ခေါင်ထိဟု၊ သိကြပါစေ၊ သည်ထက်သည်သာ၊ မြတ်ရာသို့သာ လှမ်းပါလေ။

၆၀။ ရှင်သီလ၀ံသ၊ ထေရ်ဂုဏ်၏၊ ဆုံးမစကား၊ မနာကြား ကာ၊ လားလိမ့်ပါယ်ရပ်ရှာ။

၆၁။ ပစ္စုပ္ပန္နေ၊ ခုဘ၀၊ နေရကိုယ်ထီးသာ။

၆၂။ ပညာမရ၊ လျှပ်ပေါ်လှ၊ သူမျှ်နောက်လိုက်သာ။

၆၃။ နောက်လိုက်၀န်ထမ်း၊ မြှူညစ်နှမ်း၊ ၀မ်းမျှမ၀ပါ။

၆၄။ မျက်နှာညှိုးပါး၊ လူ့ငန္ဒား၊ အမျှားစေစားရာ။

၆၅။ စေစားလေလေ၊ ပိုးမသေ၊ ခြေနှင့်ကျောက်စရာ။

၆၆။ ခြေကျောက်ပါးတိုး၊လူမိုက်ကြိုး၊ နှုတ်သိုးတစာစာ။

www.dhammadownload.com

၆၇။ ဘယ်ဌာကိုယ်မျှ၊ စွဲမရ၊ တလွန်ဆုံဖွယ်သာ။
၆၈။ ဝတ်ရာတောင့်ဘ၊ ဝမ်းမဝ၊ ချေးရသူ့ဥစ္စာ။
၆၉။ ရကာသော်ကား၊ ငတောင်းစား၊ ရှောင်ရှားနေလေပါ။
၇၀။ တောမှာပုန်းအောင်း၊ မိုးလေခေါင်း၊ ပြောင်းရွှေရပ်ဝေးစွာ။
၇၁။ ရပ်ရွာတပါး၊ ရောက်တုံငြား၊ လားလား မလုပ်ပါ။
၇၂။ ပမာသွင်သွင်၊ တွေ့လေမြင်၊ ကိုင်ငင် ထိုးတွန်းကာ။
၇၃။ ကြင်နာရိုပ်ပ်၊ တလျပ်လျပ်၊ ရက်ပြတ်ငတ်ဖို့ပါ။
၇၄။ ရှာဖွေချေးငှား၊ မရငြား၊ သွားချိုးလေပါ။
၇၅။ ခိုးပါမိလေ၊ ထိုးခုတ်သေ၊ ကျလေပါယ်ရပ်ရွာ။
၇၆။ ဤစာရွှေကျမ်း၊ ဆုံးမခန်း၊ ရဟန်းလူရှင်၊ လွန်ကြည်လင်၊ ထင်လိမ့်ယခုခါ။
၇၇။ ဝါယာလုံ့လ၊ ကြိုးပမ်းက၊ ရလိမ့်ဉာဏ်ပညာ။
၇၈။ လိမ္မာသိတတ်၊ လောကဓာတ်၊ တတ်လိမ့်မျှား ဂုဏ်အင်။
၇၉။ သိမြင်ကျမ်းဂန်၊ သူ့ထက်လွန်၊ ဂုဏ်မွန်အမျှားထင်။
၈၀။ ရှင်လူအမျှား၊ လွန်ခန့်ငြား သိကြားနတ်အသွင်။
၈၁။ ရှင်ရှင်လန်းလန်း၊ ပွင့်သစ်ပန်း၊ မနွှမ်းမျက်နှာမြင်။
၈၂။ မြင်မြင်သမျှ၊ ကြည်ညိုကြ၊ သိပ္ပဂုဏ်မြတ်ရှင်။
၈၃။ လိုအင်ပြည့်စုံ၊ ရောက်လာပုံ၊ ဂုဏ်ကြောင့် လွန်ပေါ်ထင်။

www.dhammadownload.com

၀၄။ ရပ်ခွင်တပါး၊ ပြောင်းလည်းသွား၊ ဖိုးမျှားကျောက်အသွင်။

၀၅။ ကောင်းကင်မိုးပ၊ ရောင်ထွန်းပ၊လပြည့်ဝန်းအသွင်။

၀၆။ သံသရာဘ၀၊ ပြောင်းလှည့်ကြွ၊ ဒေ၀နတ်ဘုံတွင်။

၀၇။ မျှားဖြင်နတ်ပေါင်း၊ ရံသိန်းသောင်း၊ ဖလာင်းတော်နတ်အသွင်။

၀၈။ ပဉ္စင်ငါးမည်၊ နတ်တို့စည်၊ မည်သည်မဆုံးအင်။

၀၉။ ဒေ၀ကညာ၊ ဆင်းကလျာ၊ ရပ်လာပတ်ကုံးအင်။

၉၀။ ပျော်ရွှင်စံစား၊ လွန်ရှည်လျား၊ ဘုရားမိတေးတွင်။

၉၁။ အလျင်လက်ဦး၊ သူ့ထက်ထူး၊ ဖူးရှုမချတ်ပင်။

၉၂။ ပဉ္စင်းညီနောင်၊လူနတ်ဗြဟ္မာင်၊ဧအာင်လိမ့်နိဗ္ဗာန်ခွင်။

၉၃။ ပြီးပေစသတ်၊ ဆုံးမအပ်သည်၊ ကျမ်းမြတ်လက်ဝဲ၊ ထေရ်မဟာလျှင်၊ မိန့်မှာသည့်တိုင်း၊ အားသံလိုင်း၍၊ နွေတိုင်းလုံ့လ၊ ထုတ်ကောင်းကြသည်၊ မျှားလှဖြာဖြာ၊ သံဿာတပည့်၊ မမေ့စေရ၊ နှုတ်ထဲကလျှင်၊ ထုတ်ပြသေချာ၊ အရာရာကို၊စိတ်မှာမှတ်ထား၊ ယူတုံဆြားမှာ၊ မခြားနိဗ္ဗာန်၊ မှာကမ်းငှဲ့သို့၊ လွယ်ကူရောက်ကြောင်း၊ မြတ်ရေလောင်းသည်။ ။အပေါင်းသိဿမှတ်ကုန်ကြ။

ရှင်မဟာသီလဝံသ ဆုံးမစေန်း ပြီးပြီ။

---

www.dhammadownload.com

၁၀-သားရွှေတောင်ဆိုးမစာ

၁။ သားရွှေတောင်၊ မောင်ငယ်ပုခင်၊ မယ့်ဆံကျင်သည်၊ အိမ်ဘွင်မနေ၊ သွားပါလေဟု၊ သံချေစကား၊ ကြံချိုဖျားသို့၊ မိအားဆိုးမ၊ အတတ် ရအောင်၊ ကျောင်းဆောင် ဗိမာန်၊ ဧဇတဝန်သို့၊ သက်နှံလူကြွ့၊ သွားပါတော့ဟု၊ ပျော့ပျော့ တောင်းပန်၊ သားရွှေရုံကို၊ လျင်ထန်မိမင်း၊ ဆီနှင်းနှင့်၊ ထုံသင်းမွှေးပေါင်း၊ လိမ်းပြီး လောင်း၍၊ နားဥောင်း လက် ကောက်၊ ခြူးပြောက်အင်္ကျီ၊ ဖဲနီ-ဖဝါ၊ ခါသာ သက္ကလတ်၊ ကိုယ်သုံးဝတ်၍၊ လက်စွပ်ခြေကျင်း၊ ကြွ့ကြွ့ ရှင်းနှင့်၊ ဖယ်မင်းပြုပြင်၊ အကုန်ဆင်၍၊ ရွှေစင်သက်နှံ၊ သားမင်းစံကို၊ ကျမ်းဂန်လိမ္မာ၊ တတ်စိမ့်ဌာဟု၊ ဆရာမြတ်ထံ၊ ဒေါပ်ထားနှံ သည် သက်နှံရွှေတောင် အမယ်မောင်။

၂။ သားရွှေတောင်၊ မောင်ငယ်သလေး၊ အကြံကွေးသည်၊ တွေးတွေးဆဆ၊ မကြောင့်ကြနှင့်၊ မ်ဘဆရာ၊ စောင်မပါအံ့၊ ပညာဉာဏ်ခရောင်၊ ထွန်းပြောင်ကျက်သရေ၊ တတ်မျိုးတွေကို၊ စုံစေ့ကြိုးစား၊ ဆရာ့ပါးဝယ်၊ ရွှေသားသက်ဝေ၊ မယ့်ဖအောလျှင်၊ သင်စေချင်လှ၊ မောင့်ဖတသီး၊ ငါလည်းတသွယ်၊ ဖွားငယ်ဖွားကြီး ဝရိုးတူကွ၊ ရှင်ပျတူစုံ၊ လှကြေးမုံကို၊ အကုန် ကြွင်းမဲ့၊ သုံးဆယ့်ရှစ်ဖြာ၊ မင်္ဂလာက၊ တော့, ဇ, ဝို, ဂဝ၊ ဇာတ်ဒပါင်းထွန်နှင့်၊ နှိုင်းဖွယ်လိမ္မာ၊ သဒ္ဒါရှစ်စောင်၊ အကုန် ဆောင်၍၊ လင်းငါပြောင် ရှုန်းရှုန်း၊ တက်ဖနေထွန်းသို့၊ ကျမ်း ဘိဓမ္မာ၊ ခုနစ်ဖြာကို၊ ရွတ်ခါသွင်သွင်၊ တတ်စေချင်၏။

www.dhammadownload.com

ငါးအင်ဝိနည်း၊ လွန်သိမ်းဆည်းမှု၊ ခမည်းမောင်မင်း နှလုံးသွင်း၍၊ ဝမ်းတွင်းပြင်းစွာ၊ မှတ်စိမ့်ဌာဟု၊ ဆရာမြတ်ထံ၊ အပ်ထားနှံသည့်-သက်နှံရွှေတောင် အမယ်မောင်။

၃။ သားရွှေတောင်၊ မောင်ငယ်မျက်ပွင့်၊ ခါချိန်သင့်ကို၊ မောင်မင့်ဆရာ၊ ကျောင်း တော်သာက၊ မြေ့ကာလည်း ကြည့်၊ ငါ့တပည့်ဟု၊ ရွှေမှည့်သိဒ်ဂါ၊ ကျမ်းပေစာကို၊ အသာလည်းဖွင့်၊ ငုံပေလင့်အုံ၊ မမြင့်မကြာ၊ အိမ်မှာမနေ၊ ကျောင်းမှာနေဟု၊ ခုလေသွားပါ၊ ဆိုသောခါလည်း၊ မာတာမိခင်၊ ကျေးဇူးရှင်လည်း၊ ထိပ်တွင်ရွှေကြာ၊ ပန်းပမာသို့၊ တင်ကာဝပ်တွား၊ မြတ်ထံပါးသို့၊ မခြားခုပင်၊ သွားစေချင်၍၊ ရွှေစင်သက်ဝေ၊ မကြာစေနှင့်၊ လူရေးလူရာ၊ ရှိပါမည်ကြောင်း၊ မိခင်မောင်း၍၊ သားကောင်းရွှေလှော်၊ မိမျက်ဖျော်ကို၊ ကျောင်းတော်ဗိမာန်၊ ဇေတဝန်သို့၊ မြတ်မုန်ထံပါး၊ အပ်နှံထားသည်-သက်နှံရွှေတောင် အမယ်မောင်။

၄။ သားရွှေတောင်၊ မောင်ငယ်လူပျို၊ မယ်ပန်းညိုလည်း၊ အိမ်ကိုမခင်၊ မပျော်ရွှင်နှင့်၊ မိခင်မေတ္တာ၊ ဆုံးမပါလျက်၊ မခံရှက်သော်၊ လူပျက်လူချော်၊ လူသရော်နှင့်၊ ပေါင်းဖော်ယှဉ်ကပ်၊ ပျက်ချေတတ်၏ သားမြတ်ရွှေငုံ၊ ပမာပုံကို၊ ယူတုံယှဉ်သော၊ မယ်မင်းပြောအုံ၊ မစ္ဆာ-ပုပ်ဟောင်၊ ငါးသေကောင်ကို၊ ပညောင်ရွက်မှာ၊ ထုပ်ပိုးပါလည်း၊ ငါးသာမပုပ်၊ ညောင်ရွက်အုပ်မှာ၊ ပုပ်လေသည်သာ ဥပမာသို့၊ ရွှေဝါသက်ပေး၊ မယ်ရင်သွေးလည်း ဝေးဝေးလျင်စွာ၊ လူသုံးဖြာကို၊ ကောင်းစွာကြဉ်ဖဲ့၊ အယူစွဲမြဲ ဝမ်းထဲယုံ့ယုံ့၊ ယုန်လျင်ကျူ

www.dhammadownload.com

သို့၊ ဆိုတုံ့မစုံ၊ စောင်းမာန်ညှဉ့်လျက်၊ ကြောက်ခြံ ရိုသေ၊ မိမအောက်ို့၊ ရိုသေခညွတ်၊ ဟုတ်ပေတတ်၏။ သတ်မှတ်ပလေ၊ မအောမိခင်၊ သွန်သင်လိမ္မာ၊ တတ်ကြောင်းရှာ၍၊ ဆရာမြတ်ထံ၊ အပ်ထားနှံသည်-သက်နှံရွှေတောင် အမယ့်မောင်။

၅။ သားရွှေတောင်၊အမောင်ရဲလုံး၊မယ့်ဆံထုံးမှာ၊ပန်းကုံးပမာ၊ မယ်ဆင်ပါလျက်၊ကောင်းရာမြောပြင်၊ကောင်းစေချင်၍၊ ကောင်းထင်စေငြား၊ ထံပါးဆရာ၊ နေသောခါဝယ်၊ ရွှေသာလျှဝင်း၊ ပုံမယွင်းသို့၊ မောင်မင်းလူနှု၊ သားမျက်ရှု၏၊ တန်ဆုံပုံကို၊ အမည်ဆိုအံ့၊ အပျိုအရွယ်၊ကြီးငယ်မဟူ၊ကောင်းပါမူကား၊ ကြည်ဖြူခံညား၊ လျှိုးဝပ်တွားလျှ၊ ရွှေသားဝမ်းတွင်း၊ နှလုံးသွင်းလော့၊ မယ်မင်းပြုပြင်၊ အကုန်ဆင်၍၊ ရွှေစင်သက်နှံ၊ သားမင်းစံကို၊ ကျမ်းဂန်လိမ္မာ၊ တတ်စိမ့်ဂါဟု၊ ဆရာမြတ်ထံ၊ အပ်ထားနှံသည်-သက်နှံရွှေတောင် အမယ့်မောင်။

၆။ သားရွှေတောင်၊မောင်ငယ်ပန်းဖူး၊ရွှေလိုဉီး၍၊ ပုံပျူးသာယာ၊ငယ်ဆိုပ်သာက၊ တတ်ပါစေချင်၊မြင်ပါစေလို၊ဆိုတိုင်းယှဉ်၍၊ ကြံသင်ရေးရာ၊ အဖြာဖြာကို၊ ဆရာမြတ်ထံ၊ ဆုံးမခံ၍၊ သိက်နှံထုံသင်း၊ သားမောင်မင်းကို၊ မယ်မင်းသွန်သင်၊ ဘယက်သွင်ဘို့၊ အိမ်တွင်မထား၊ မပျော်ပါးနှင့်၊ လူလားမြောက်ခါ၊ မနေပါတည့်၊ သင်သာခိုက်တွင်၊အရိုက်အပုတ်၊အတုပ်အနှောင်၊ ကျောင်းရွှေဆောင်သို့၊ မယ့်မောင်ကြိုးစား၊ နှလုံးထားလော့၊ ထွတ်ဖျားဆရာ၊ ပညာသင် ကြောင်း၊ ရိုက်ပုတ်မောင်း၍၊

www.dhammadownload.com

ရွှေကျောင်းဧတာ်မှာ၊သည်ဆရာ၏၊ ပညာအသိ၊ ဖြစ်ဘိစေချင်၊ ဖမိခင်နှင့်၊ တူပင်အပ်နှံ၊ သားရွှေရုံကို၊ သင်အံ့မည်ကြောင်း၊ တဖြောင်းဖျဖျ၊ ဆိုမြွက်ဟသည်၊ ကြွကြွလှမ်းပါ၊ ချစ်လှစွာ၍၊ ဆရာမြတ်ထံ၊ အပ်ထားနှံသည်-သက်နှံရွှေတောင် အမယ်မောင်။

၇။ သားရွှေဘောင်၊ မောင်ငယ်နုနယ်၊ ပုလဲသွယ်သို့၊ အာမယ်မေ့မိ၊ တတ်သိစေလို၊ ပြည့်နှန်းဆိုအံ့၊ လူတိုင်းသင်ထား၊ ဌက်ကျေးသားမှ၊ သင်ကြားနားမှာ၊ သူ့သာဘာဖြင့်၊ ဗုဒ္ဓါမိန့်မှာ၊ ဒဿိံ သာကို၊ ဝမ်းမှာပြည့်လျှမ်း၊ ရွှတ်စီးဖြန်း၍၊ နေ့ချမ်းညလျှင်၊ တောင်လက်သင်၍၊ မုခ်ဝင်ခေါင်စွန်း၊ လေသာနှန်းဌ၊ ဖြန့်သန်းလူးသာ၊ နေသည်ခါမှ၊ လဟာမိုးပြင်၊ ထက်ကောင်းကင်က၊ စွန်လျှင်စုတ်ထွေ၊ ပါရလေသော်၊ သံချေညံညံ၊ ဘဝဂ်လှုံမျှ၊ ရွှတ်လှုံလန်းလန်း၊ ကမ္မဋ္ဌာန်းကို၊ မပန်းမပင်၊ သူ့ဂုဏ်အင်ကြောင့်၊ စွန်လျှင်မနေ၊ လွှတ်လိုက်ပေ၏၊ အရွှေမကြာ၊ ထိုအနာကြောင့်၊ နိစ္စာဂတာ၊ မရဏာဖြင့်၊ ပြောင်းကြွနတ်ထံ၊ ကျေးသားစံသို့၊ သက်နှံလူပျို၊ သားပန်းညိုလည်း၊ လိုလိုရာရာ၊ တတ်ပညာကို၊ ဝမ်းမှာသွတ်ကြောင်း၊ အမယ်မောင်းဓ၍၊ ရွှေကျောင်းဝိဟာ၊ တတ်ပညာကြောင့်၊ မြတ်ဆရာထံ၊ အပ်ထားနှံသည်-သက်နှံရွှေတောင် အမယ်မောင်။

၈။ သားရွှေတောင်၊ မောင်ငယ်ရင်သား၊ မိဖကားကို၊ ရွှေနားချိုချို၊ အမယ်ဆိုအံ့၊ ပုံကိုနားထောင်၊ ဤလူ့ဘောင်ဟာင်၊ မိုက်ခေါင်အတိ၊ မိုက်လှဘိသည်၊ ဒိဋ္ဌိယူမှား၊ မြွေသမားလည်း၊ သုံးပါးရတနာ၊ မြတ်ဓမ္မကို၊ နှားမှမဝင်၊ ပိတ်

www.dhammadownload.com

သောသွင်သို၊ မမြင်မျက်ကန်း၊ မောဟလွှမ်းခြုံ၊ လူစွမ်းဘာသာ၊ အရှာရှာသို၊ မြွေရှာသွားချင်၊ တည်းလေ ဝင်သော်၊ ရှာတွင်အများ၊ ယောကျားမိန်းမ၊ နေ့ညမကွာ၊ သရဏာဂုံ၊ မြတ်သုံးစုံကို၊ ကြည်ယုံဆောက်တည်၊ မြဲညီကြသည်ကို၊ နားလည်းမဝင်၊ မြွေသင်လည်း၊ ငြီးချင်ဘုယ်သာ၊ တစာစာနှင့်၊ သည်ရှာတွင်ပင်၊ မနေချင်ဟု၊ မြွေလျှင်ဖမ်းမည်၊ သွားလေသည်ကို၊ တောလည်သို့ရောက်၊ ထူးတွင်းပေါက်၌၊ မြွေဟောက်ငန်းဟန်၊ ပြီးစွာဖန်၍၊ သဏ္ဌာန်မယွင်း၊ နဂါးမင်းကို၊ အလျင်းမနေ၊ ဖမ်းရှာချေဟု၊ ပျက်ထွေအမျက်၊ချောင်းချောင်းထွက်မျှ၊လိုက်လေကလျှင်၊ ကြောက်အင်ကြီးစွာ၊ သေအံ့ဘွားဟု၊ပြေးရှာပင်ပန်း၊ ဂုဏ်အစွမ်းကို၊ ကိုယ်ပင်မယုံ၊ အသည်းတုန်မျှ၊ ထို့ရှာကလျှင်၊ ကြားရစကား၊ သုံးပါးရတနာ၊ မြတ်ဂါထာကို၊ပြေးကာယောင်ယမ်း၊ အမှန်းမသိ၊ ရွတ်မိကာသာ၊ ဂုဏ်တေဇာကြောင့်၊ ကြားကဝမ်းတွင်း၊ နဂါးမင်းလည်း၊ ချက်ချင်းယူလေ၊ မသင့်ချေဟု၊ ရှိသေမသတ်၊ အသက်လွှတ်၍၊ ကြည်ညွှတ်လွှတ်၊ ပန်းနှစ်ပွင့်ကို၊ ခို မြွှင့်ပူဇော်၊ မြတ်ဂုဏ်တော်ကြောင့်၊ မိုက်ဖော်မဝင်၊ ဖြစ်သောသွင်သို၊ သင်ကြက်ရုံး၊ သားရွှေတုံးကို၊ မြတ်ဆုံးအချာ၊ ရတနာကို၊ ထိပ်မှာပန်းဟန်၊ ပန်ပါစေကြောင်း၊အာမယ်မောင်း၍၊ ရွှေကျောင်းဝိဟာ၊ တတ်ပညာကြောင့်၊ မြတ်ဆရာထံ၊ အပ်ထားနှံသည် ငါးကိုနှံရွှေတောင် အမယ့်မောင်။

သားရွှေတောင် ဆုံးမစာ ပြီး၏။

---

www.dhammadownload.com

ဒိုးသူတော်ဦးနု စကားပုံ

မြန်ဇမ္မူပေါ်၊ ဉာဏ်ယူမြော်သည်၊ သူတော်ကျန့်ပ်၊ နား၏ တန်ဆာ၊ နားဝင်သာအောင်၊ လက်ံာပုဒ်ဖြင့်၊ အာလုပ်ချို့မြ၊ စကားပုံသရုပ်၊ အမျိုးထုတ်ပြီးလျှစ်၊ အချုပ်ကိုပြခဲ့မည်။

ဗုဒ္ဓဆာယာကို တွယ်ရမည်၊ ရွပ်လှတာကို ပယ်ရမည်။ ဗုဒ္ဓဆာယာကို တွယ်မှ အေးမြရာသည်။ ယုတ်လှတာကို ပယ်မှ ဘေးပကွာမည်။

သေရည်ကို မသောက်နှင့်၊ ရေကြည်ကို မနှောက်နှင့်၊ သေရည်ကို သောက်က အပါယ်ဘုံသို့ ကျတတ်သည်၊ ဓရကြည်ကို နှောက်က အနယ်အမှိုတို့ ထတတ်သည်။

ထင်တိုင်းလည်း နှိပ်၍မဆိုနှင့်၊ ဝင်တိုင်းလည်း သိပ်၍မမျိုနှင့်၊ ထင်တိုင်းနှိပ်၍ဆိုက ရန်အသွယ်သွယ် ပွားတတ်သည်၊ ဝင်တိုင်းသိပ်၍မျိုက အန္တရာယ်များတတ်သည်။

ဂေါဏမံသံကိုလည်း မစားနှင့်၊ ကောဓြဲရံကိုလည်း မပွားနှင့်၊ဂေါဏမံသံကိုစားက မိဘသဖွယ် ဖြစ်ပေသည်၊ ကောဓြဲရံကိုပွားက အဓိကရ အပါယ်နစ်ခြသည်။

အယုတ်တရားကို အလိုမရှိနှင့်၊ မဟုတ်စကားကို မဆိုဘိနှင့်၊ အယုတ်တရားကို အလိုရှိက ဘဂဝါ၏စကားကို ပယ်ရာကျခြသည်။ မဟုတ်စကားကို ဆိုဘိက သမာဓိတရားတို့ ကွယ်လွှာရလေသည်။

www.dhammadownload.com

မြူသလိုပုံနှင့် ကလေးကို မစနှင့်၊ လူကိုယုံသဖြင့် အကြွေး မချနှင့်။ မြူသလိုပုံနှင့် ကလေးကို စက ကလေး အမိုက်မှိုဆဲတတ်သည်။ လိုကိုယုံသဖြင့် အကြွေးချက အရေးမစိုက်သမို့ မှတတသည်။

အမျိုးယုတ်သူ အဆင်းလှလျှင် သတိထားလင့်၊ တန်ခိုးနုပ်သူ ထမင်းဝလျှင် မကျေစားနှင့်။ အမျိုးယုတ်သူ အဆင်းလှက စာဂ,တန်တတ်သည်။ တန်ခိုးနဲတ်သူ ထမင်းဝက မာနထန်တတ်သည်။

အဟုတ် အမှန်ကိုလည်း သိမှ၊ အလုပ် အကြံလည်း ရှိမှ၊ အဟုတ်အမှန်ကိုသိက သံသရာဘေးပ၍ အနေကျယ်ကြမည်။ အလုပ်အကြံရှိက ဆန်ရှာရေးလှ၍ အခြေတယ်ကြမည်။

သူ့ဌေးလို ကြွယ်သော်လည်း မာန်စွယ်မထနှင့်၊ မြေပဲ့ကို ငယ်သော်လည်း အလမွယ်မပြနှင့်။ သူ့ဌေးလို ကြွယ်သည်ဟု မာန်စွယ်ထက အရိုအသေနဲလို ပြေမှုန်းတတ်သည်။ မြေပဲ့ကို ငယ်သည်ဟု အလမွယ်ပြက ထိုးမြှဲခဲလို မကြာခဏ သေဆုံးတတ်သည်။

မတော်ပဲ မဝယ်နှင့်၊ မခေါ်ပဲ မလယ်နှင့်၊ မတော်ပဲ ဝယ်လက အသပြာမန ရှုံးတတ်သည်၊ မခေါ်ပဲ လယ်ချက မကြာခဏ မုန်းတတ်သည်။

မတော်တာကို မြီးမစားနှင့်၊ အဖော်မပါလျှင် ခရီးမသွားနှင့်၊ မတော်တာကို မြီးစားက ဘေးရန်ရလို ရောဂါပွားတတ်သည်။ အဖော်မပါပဲ ခရီးသွားက အရေးမလှသမို့ သောကများတတ်ဘည်။

www.dhammadownload.com

ခရီးကိုလည်း အပြင်းမသွားနှင့်၊ မီးကိုသည်း အကြွင်းမထားနှင့်၊ ခရီးကို အပြင်းသွားက မှားတတ်သည်၊ မီးကို အကြွင်းထားက ပွားတတ်သည်။

ဆရာပြောသမျှကို အပြီးမမှားလေနှင့်၊ အနာရောဂါကို မကြီးပွားစေနှင့်၊ ဆရာပြောသမျှကို အပြီးမှားက မုချမှောက်တတ်ဘည်။ အနာရောဂါ ကြီးပွားက ဒုက္ခရောက်တတ်သည်။

စကား, စကား ပြောပါမျှား စကားထဲကဇာတိပြ၍ မာန်တံခွန်ထူတတ်သည်။ တရား, တရား ဟောဖန်များက တရားထဲက ပါဋိဋ္ဌရ၍ ဒါနအလွန် လှူတတ်သည်။

အမဲ့ျိုးမြတ်မှ အရိုးကိုကြံရာသည်၊ တန်ခိုးလျှပ်မှ အဖိုးတန်ပါသည်။

သံသရာလောက၊ နှစ်ဝအကျိုး၊ ပွားတိုးစေမှု၊ အာရုံပြုလျက်၊ ဦးနှုမည်ခေါ်၊ ငါသူတော်လျှင်၊ နာပျော်ဖွယ်ရာ၊ ဆုံးမစာကို၊ ဒကာ, ဒကာမ၊ မှတ်သားကြ၍၊ နေ့ည လေ့ကျက်ကြပါကုန်လော့။

ဖိုးသူတော်ဦးနှံ စကားပုံပြီး၏။

---

www.dhammadownload.com

ဖိုးသူတော်–ဦးနုဆုံးမစာ

[ဒဂံး စကားပုံ]

သဗ္ဗ ဣစ္ဆံ ပူရေတိ ဇေတနာတိ ဒဂံး။ ။သဗ္ဗ ဣစ္ဆံ၊ ခပ်သိမ်းသော အလိုဆန္ဒ ရှိသမျှကို။ ပူရေတိ၊ ပြည့်စုံစေတတ်၏။ ဣတိတသ္မာ၊ ထိုသို့ပြည့်စုံစေတတ်သော သတ္တိကြောင့်။ တံ အသပြာ။ ထိုအသပြာကို။ ဒဂံး၊ ဒဂံးဟု ခေါ၏။ ။ဒဂံး ဒဂံး၊ ယင်းစကား မတော့ ဘင်္ဂလားခေါ မျက်နှာပွင့်ဆေး၊ သူပါရင် အေးတာမို့ အနုဆေးလို့လဲ ခေါကြပါရဲ့။ မော်ချင်မော်, ကြွားချင်ကြွား, စားချင်စား, သောက်ချင် သောက်, စိတ်ရောက်သမျှ ကိုယ်ပါ, လိုရာပြည့်စုံ၊ လူပုံလည်းချော၊ အပြောလည်းဉကောင်း၊ အရောင်းလည်းတတ်၊ အမြတ်လည်းပါ၊ အရာလည်းရ၊ မဒ,လည်းများ၊ စပါးလည်းရှိ၊ အသိကလည်းလွန်ရှိသေ၊ မိတ်ဆွေကလည်းအလွန်ချစ်၊ အပြစ်ရှိသမျှ ပျောက်လို့ကွယ်၊ အမျိုး,အနွယ်တောင် မြင့်မြတ်၊ အရပ်ရပ် လူ,နတ် လူမော်၊ လူပေါ, လူဆင့်၍ ဒဂံးမြင်ရင်ဖြင့် ကြော်ရော့၊ တော်တော် မဟုတ်၊ ဟိတ်ကို ထုတ်ရမှာဖြင့် တရုတ်သော, ကုလား:သော, ဒဂံး ပြရင်ဘာဘူ၊ နူနူရွဲရွဲ မဲမဲဖြူဖြူ၊ အဖေလောက်မက၊ အဖိုးလောက်ပင် ကျသော်လည်း၊ ဒဂံးပြရင် ကြည်ဖြူရော့၊ ဇမ္ဗူတွင်အညွန့်၊ တွန့်တွန့်တိုတို၊ ဆိုဆိုဆဲဆဲ၊ တရက်မချာ၊ အသက်သာအောင်၊ အရက်ပါတွဲအုံးတော့၊ ခွဲဖို့ပင်မကြံ၊ နှိပ်စက်သမျှ စိတ်လက်ချလို့မို့ အစစ ခံပါရဲ့၊ အမှန်စကား၊ သူမရှိလျှင် လူကဝိုတောင် ပြားရမယ်၊ မယားကလဲ မရှိသေ၊ မိတ်ဆွေကလဲ မျက်နှာလွဲ၊ လူမွဲမို့လဲ ဂုဏ်မရှိ၊ အသိကလဲ မခေါချင်၊ စိတ်ထင်တိုင်း မပြီး၊ သား,သမီးကိုမှ

www.dhammadownload.com

ဆုံးမလို့မရ၊ လူအဖို့ မပြောနိုင်၊ မောမိုင်လို့ တခွေခွေ၊ သည်ငွေ အရှာကြပ်တာမို့၊ တမတ်ကို တဆယ်ထင်မိ၊ တကယ်ပင် ခင်ဗျား နှယ် ရှားရန်တော့၊ မရပါလျှင် ဘယ်ဟာစား၊ရပ၊ တသပြာ အလကားမှတ်မဲ့ မသုံးချင်ဘူး၊ ကျုပ်တို့လင် ရှာနိုင်လို့မရှားပါတဲ့ ဟောသည်ဒင်္ဂါး သည်ဒင်္ဂါးရယ်လို့ လက်ဝါးပေါ်တင်ကာပြသည့် နှယ်၊ လောကတွင် အညွှန့်ထားလို့မို့၊ ဒင်္ဂါးကို တယ်မသုံးကြနှင့်၊ တသက်လုံး မွဲပြာကျ၍ လူတကာ့အောက်တလွှားမှာ ဆင်းရဲသား ဖြစ်တတ်တယ်။ တောင်းစား၍ ဒင်္ဂါးမတွယ်၊ ပိုက်ဆံပျက်က ဝယ် တတ်ပါတယ်။ မော်ရင် ကြွားရင် ဒင်္ဂါးကုန်မယ်၊ အသွယ်သွယ် ဘယ်တွင် မမှားအောင်၊ မောင်မင်းကြီး ကိုဒင်္ဂါး စဉ်းစား၍ သုံး တော်မူကြပါ မိတ်ဆွေအပေါင်း သူတော်ကောင်းတို့။

ဖိုးသူတော်ဦးနု ဒင်္ဂါးစကားပုံ ပြီး၏။

---*---

www.dhammadownload.com

ဒဂုန်ဦးထွန်းမြင့်၏ –မင်္ဂလာကဗျာ

အသေဝနာစ ဗာလာနံ

၁။ လူမိုက်ဆိုလျှင်၊ ရောင်သွေလွဲလို့
မမှီဝဲနှင့်၊ ကင်းအောင်နေ။
ပညာရှိကို၊ အရှည်တွဲလို့
မှီဝဲဆည်းကပ်၊ နည်းယူစေ။
သုံးပါးရတနာ၊ မိဘများနှင့်
ဆရာသမား‌ကို၊ ပူဇော်လေ။
ချမ်းသာကိုပေး၊ ဆက်ဆံရေး
မျှော်တွေး သုံးချက်ပေ။
အဲဒါမှ "ဗုဒ္ဓဝါဒ"ဓမ္မမင်္ဂလာတွေ့။

"ပတိရူပ"

၂။ ကုသိုလ်ပညာ၊ ဥစ္စာရဖို့
သင့်ရာဒေသ၊ အမြဲနေ။
ရွေးကတင်ကြို၊ ပြုခဲ့ဖူးသည့်
ကောင်းမှုအထူး၊ ရှိပါစေ။
မိမိကိုယ်ကို၊ ကောင်းအောင်ထိန်းလို့
မတိမ်းစေနှင့်၊ ဆောက်တည်လေ။
ဥစ္စာကိုပေး၊ နေထိုင်ရေး
မျှော်တွေး သုံးချက်ပေ။
အဲဒါမှ "ဗုဒ္ဓဝါဒ"ကမ္ဘာ့မင်္ဂလာတွေ့။

www.dhammadownload.com

ကြစ္ဆသယ-ဆယ်စောင်တွဲ

"ဗာဟုသစ္စဥ"

၃။ တတ်ကောင်းတတ်ရာ၊ ဟူသမျှကို
ကြား,မြင်,သုတ၊ ရှိပါစေ။
အိုးအိမ်တည်ထောင်၊ ဝမ်းစာရေးနဲ့
အသက်မွေးဖို့၊ အတတ်သင်လေ။
လူနှင့်ဆိုင်ရာ၊ ကျင့်ဝတ်များကို
ကောင်းစွာသင်ကြား၊ နားလည်စေ။
မှန်ကန်ယဉ်ကျေး၊ ချိုသာအေး
ဆိုရေးတတ်ပါစေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

"မာတာပိတု"

၄။ မြင်းမိုရ်ရွေတောင်၊ မိဘ,ကြွေးကို
ကောင်းစွာဆပ်ပေး၊ ဝတ်ကျေကျေ။
ကြွေးသစ်ချကာ၊ သား-နှင့်မယား
မြှောက်စား-ချီးမြှင့်၊ ဝတ်ကုန်စေ။
အလုပ်တာဝန်၊ မလစ်ဟင်းနဲ့
အပြစ်ကင်းအောင်၊ လုပ်ပါလေ။
စည်းစိမ်ကိုပေး၊ ပြုစုရေး
မျော်တွေးသုံးချက်ပေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

www.dhammadownload.com

"ဒါနဆွေ"

၅။ သုံးတန်စေတနာ၊ ဖြူစင်လန်းလို့
ပေးကမ်းဝေမျှ၊ လှူနိုင်စေ။
ကိုယ်နှုတ်စိတ်ကြဲ၊ မမိုက်မှားနဲ့
သုစရိုက်တရား၊ ကျင့်ပါလေ။
ဆွေမျိုးတွေကို၊ ပြင်ပမထားနဲ့
သင်္ဂဟတရားနှင့်၊ ချီးမြှောက်လေ။
သန့်စင်ပြစ်မျိုး၊ လူထုအကျိုး
သယ်ပိုးဆောင်ရွက်စေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

"အာရတီ ဝိရတီ"

၆။ မကောင်းမှုတွေ၊ ဟူသမျှကို
မတွေ့ခင်က၊ ရှောင်ကြဉ်လေ။
တွေ့ကြုံလာလျှင်၊ မလွန်ကျူးနဲ့
အထူးသဖြင့်၊ စောင့်စည်းနေ။
အရက်သေစာ၊ မသောက်စားနဲ့
မှောက်မှားတတ်တဲ့၊ အရာပေ။
လုပ်ကိုင်ပြောကြား၊ သတိထား
တရားမမေ့စေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

www.dhammadownload.com

"ဂါရဝေါစ"

၇။ အသက်ဂုဏ်ဝါ၊ ကိုယ့်ထက်ကြီးက
ဆည်းကပ် ခ,စား၊ ရိုသေလေ။
မာနတံခွန်၊ ဂုဏ်မကြွနှင့်
ကိုယ့်ကိုနှိမ့်ချ၊ အမြဲနေ။
လောဘအပို၊ လိုမလိုက်နဲ့
ကိုယ့်ထိုက်တာနဲ့၊ ကျေနပ်လေ။
ကိုယ့်ပေါ်ပြုဖူး၊ သူ့ကျေးဇူး
အထူးသိတတ်စေ။
ကောင်းကျိုးဆင်ပွား၊ မြတ်တရား
နာကြားမပြတ်ပေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မဂ်လာတွေ့။

"ခန္တီစ"

၈။ စားဝတ်နေထိုင်၊ ရန်ခပ်သိမ်း
စိတ်ကိုချုပ်ထိန်း၊ သည်းခံလေ။
ကျိုးကြောင်းပြည့်နှန်၊ ဆုံးမစကားကို
ပြောကြားလာက၊ နာလွယ်စေ။
သူမြတ်ပုဂ္ဂိုလ်၊ ဟူသမျှကို
မကြာခဏ၊ တွေ့ဆုံလေ။
သဘာဝတွေး၊ မှန်ကန်ရေး၊ ဆွေးနွေးမပြတ်ပေ
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မဂ်လာတွေ့။

www.dhammadownload.com

"တပေါစ"

၉။ လောကီအာရုံ၊ ဒိမ်ယစ်မူးလို့
ပျော်မကြူးနဲ့၊ ခြိုးခြံလေ။
မေတ္တာ,ဗြဟ္မစိုရ်၊ လက်ကိုင်သုံးလို့
သူမြတ်ကျင့်ထုံး၊ ယွင်းမသွေ။
လေးပါးသစ္စာ၊ ဉာဏ်မြင်ကြည့်လို့
အမှန်သိအောင်၊ ကြိုးစားလေ။
ဒုက္ခလွတ်ကင်း၊ နိဗ္ဗာန်ချဉ်း
အလင်းပေါက်နိုင်စေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မဂ်လာတွေ။

"ဖုဋ္ဌဿ"

၁၀။ ဆင်းရဲချမ်းသာ၊ သဘာဝ
တွေ့ကြုံနေကျ၊ လူတိုင်းပေ။
ကောင်းဆိုးနှစ်တန်၊ အစုံတွဲလို့
တစ်လှည့်စီလဲ၊ အမြဲနေ။
လောကခံကြုံ၊ မဖြုံတမ်းပေါ့
မတုန်စမ်းနဲ့၊ စိတ်ခိုင်စေ။
သောကကိုထိန်း၊ ရမ္မက်သိမ်း
အေးငြိမ်းချမ်းသာနေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မဂ်လာတွေ။

www.dhammadownload.com

"မင်္ဂလာပြုကျင့်ရကျိုး"

၁၁။ သုံးဆယ့်ရှစ်ဖြာ၊ မင်္ဂလာကုံးကို
လိုက်နာကျင့်သုံး၊ ပန်သူတွေ။
စီးပွားချမ်းသာ၊ ကျက်သရေတိုးလို့
ကောင်းကျိုးစည်ပွင့်၊ တဝေဝေ။
ဘေးရန်ကင်းကွာ၊ ချစ်သူပေါလို့
ကိုယ်ရော,စိတ်ရော၊ ချမ်းသာမလေ။
ပြောဆိုကြံဆ၊ဆောင်သမျှ၊အောင်ရမည်ကိန်းသေ။
အဲဒါကြောင့် ပန်ကြ,ဆင်ကြ'မင်္ဂလာ'ပန်းခိုင်တွေ။

"နိဂုံးကဗျာ"

၁၂။ သုံးဆယ့်ရှစ်ဖြာ၊ မင်္ဂလာတရားတို့
ပျက်ပြားနေကြ၊ ကမ္ဘာမြေ။
ဟိုတိုင်း,ဒီပြည်၊ ရန်စစ်ခင်းလို့
လူနှင့်လူချင်း၊ သတ်ကာနေ။
ငြိမ်းချမ်းပါစေ၊ အာသီသနဲ့
စွမ်းနိုင်ရာက၊ ကူညီသလေ။
သုံးဆယ့်ရှစ်ပါး၊ မင်္ဂလာတရား
ရေးသား ဖြန့်ကာဝေ။
အဖိုးတန်တဲ့ "ဗုဒ္ဓဝါဒ" ကမ္ဘာက သိပါစေ။

---*---

www.dhammadownload.com

မာတိကာ

မဂ်လသုတ်ပါဠိ-အနက်

မဂ်လာတရား ၃၀-ပါးသရုပ်

မဂ်လသုတ် အဓိမေးအဖြေ

မဂ်လသုတ်၌ အထူးမှတ်ရန်

မဂ်လာသံပေါက်

အပြင်အောင်ခြင်း ၈-ပါး ပါဠိ-အနက်

အတွင်းအောင်ခြင်း ၈-ပါး ပါဠိ-အနက်

ရတနာဇရွှေချိုင့်ပါဠိ-အနက်

နမက္ကာရပါဠိ-အနက်

လောကနီတိပါဠိ-အနက်

ပရိတ်ကြီးပါဠိ-အနက်

သီဂ်ါလောဝါဒသုတ် ကျင့်ဝတ်

ရှင်မဟာသီလဝံသဆုံးမစာ

သားရွှေတောင်ဆုံးမစာ

ဘိုးသူတော်ဦးနုစကားပုံ ၃-မျိုး

စာမူခွင့်ပြုချက် အမှတ်-၁၆၁/၈၉ (၃)

မျက်နှာဖုံးခွင့်ပြုချက် အမှတ်-၁၁၃/၈၉ (၃)

တတိယအကြိမ်